## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


**အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၈)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ မေ ၁၆ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သောအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများဆက်လက်ရောင်းချပေးလျက်ရှိ



**မန္တလေး မေ ၁၅**

(၁၅-၅-၂၀၂၅)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက်

**စာမျက်နှာ ၁၀ ကော်လံ ၃ ⇨**

ကူမဲမြို့ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ရောင်းချပေးစဉ်။

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပရက်ပြောင်းလဲသတ်မှတ်

စာ - ၁၇ သို့

## နေရာကွက်၍ မိုးကြီးနိုင်

**၁၅-၅-၂၀၂၅**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## မိုးကြီးမည့်သတိပေးချက်

စာ - ၁၄ သို့

### မှတ်သားဖွယ်ရာမိုးရေချိန်များ

**၁၅-၅-၂၀၂၅**

| | | | | |
|---|---|---|---|---|
| မြန်အောင် | ၃ | ဒသမ | ၅၁ | လက်မ |
| ဟိုင်းကြီးကျွန်း | ၃ | ဒသမ | ၃၉ | လက်မ |
| ကျိုက္ခမီ | ၂ | ဒသမ | ၀၁ | လက်မ |
| ရေး | ၁ | ဒသမ | ၉၃ | လက်မ |
| ဝက်ထီးကန် (လေးထပ်ပြင်) | ၁ | ဒသမ | ၅၇ | လက်မ |
| ငါးသိုင်းချောင်း | ၁ | ဒသမ | ၅၇ | လက်မ |
| ဟဲဟိုး | ၁ | ဒသမ | ၅၄ | လက်မ |
| ပေါင်တော | ၁ | ဒသမ | ၅၀ | လက်မ |
| နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) | ၁ | ဒသမ | ၄၂ | လက်မ |
| မော်လမြိုင် | ၁ | ဒသမ | ၄၂ | လက်မ |

# ကျိုက်လတ်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာတုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျိုက်လတ် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက်ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များကျရောက်လာပါက ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသမှုများဆောင်ရွက်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ ❍**






## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၁၆ ရက်)

# စစ်မှန်သည့်ငြိမ်းချမ်းရေး အလေးထားဆောင်ရွက်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီလမ်းကြောင်းသို့ချီတက်ရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုမဏ္ဍိုင်ပြု၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါဥပဒေတွင် အခန်းပေါင်း ၁၅ ခန်းပါဝင်ပြီး ပုဒ်မပေါင်း ၄၅၇ ခုပါရှိသည်။ အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံတွင် နိုင်ငံတော်ကိုတိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇) ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်ပေးထားသည်။ အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းမှာပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ပုဒ်မ ၅၆ ဖြင့်သတ်မှတ်ပေးထားသည်။

တိုင်းရင်းသားလူမျိုးစု ၁၃၀ ကျော်သည် မြန်မာနိုင်ငံအတွင်း ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ဥမကွဲသိုက်မပျက်နေထိုင်လာခဲ့ကြသူများဖြစ်ကြသည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ မြန်မာနိုင်ငံတော်၏အရိပ်အာဝါသအောက်တွင် အေးချမ်းစွာရှိနေခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံ ကိုလိုနီခေတ်တွင် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲအောင်လုပ်ဆောင်လာသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့နည်းခဲ့ရသည်။ တိုင်းရင်းသားအချင်းချင်း သံသယစိတ်များပွားများနေအောင် ကိုလိုနီနယ်ချဲ့တို့က လုပ်ဆောင်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပေါ်ပေါက်လာခဲ့သည်။

နိုင်ငံတော်အစိုးရအဆက်ဆက်သည် တိုင်းရင်းသားလက်နက်ကိုင်များနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှု အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းသည့်ကာလတွင် ထာဝရငြိမ်းချမ်းရေးရရှိရေးကိုဦးတည်ကြိုးပမ်းခဲ့ကြသည်။ နိုင်ငံတစ်ဝန်းလုံးအေးချမ်းသာယာနေစေရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုရရှိအောင်ကြိုးပမ်းဆောင်ရွက်ကြသည်။ ယနေ့မြင်တွေ့နေကြသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ တိုင်းရင်းသားလက်နက်ကိုင်များအချင်းချင်း ပထမဦးစွာ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီးမှပေါ်ပေါက်လာသောစာချုပ်ဖြစ်သည်။

အဆိုပါစာချုပ်ဖြစ်တည်လာသည့်အခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနီးပါးက ဤစာချုပ်တွင်လက်မှတ်ရေးထိုးကြရန်ဖြစ်သော်လည်း သွေးထိုးလှုံ့ဆော်အနှောင့်အယှက်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သာ လက်မှတ်ရေးထိုးပြီး နောက်ထပ်နှစ်ဖွဲ့ ထပ်မံပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဦးဆောင်နေစဉ်အတွင်း နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက်လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်လျက်ရှိသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို ထုတ်ပြန်မှုပေါင်း ၂၂ ကြိမ်အထိထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင်လည်း ငလျင်ဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးဆောင်ရွက်ရန်အတွက် ယာယီပစ်ခတ်တိုက်ခိုက်မှု ၃ ကြိမ်ထုတ်ပြန်ထားပြီး တတိယအကြိမ်မြောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလမှာ မေလ ၆ ရက်မှ ၃၁ ရက်ထိဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏အိုးအိမ်နှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှလည်း ကူညီမှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်ရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုကာလကို ထပ်မံတိုးမြှင့်ထုတ်ပြန်ခြင်းဖြစ်သည်။ ဤသည်မှာ စစ်မှန်သည့်ငြိမ်းချမ်းရေးကို အလေးထားခြင်းဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအားတိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကိုနှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကိုထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်လိုအပ်သည်။ သို့မှသာ ပြည်သူများ၏လူနေမှုဘဝသည် အေးချမ်းသာယာပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကော့သောင်းမြို့၌ ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူ

ကော့သောင်း မေ ၁၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာ(ဗွီနိုင်း)စိုက်ထူခြင်းကို မေလ ၁၅ ရက်တွင် ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါ ကျောင်းအပ်နှံရေးဆိုင်ရာမြေစိုက်ပိုစတာများစိုက်ထူရာတွင် မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဌာနမှ ဆရာ၊ ဆရာမများက “ကျောင်းနေအရွယ် ကလေးများအားလုံး စဉ်ဆက်မပြတ်အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”မြေစိုက်ပိုစတာ(ဗွီနိုင်း)ကို ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်ရှိ အဝိုင်းပတ်တွင် စိုက်ထူကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ဇွန်လ ၂ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းများစတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **ကော့သောင်းခရိုင် (ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၆-၅-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း

၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဖျို့

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ မော်စကိုမြို့နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်းဘုန်းတော်ကြီး ကီးလ်ရီယိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် မော်စကိုမြို့နှင့်**ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်းဘုန်းတော်ကြီး ကီးလ်ရီယို**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၌ ငလျင်လှုပ်ခတ်ခဲ့သည့်သတင်းကို ကြားသိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများစွာအသက်ဆုံးရှုံးထိခိုက်ခံစားခဲ့ရပြီး နိုင်ငံ၏အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရခြင်းအတွက် အထူးစာနာထောက်ထားမိပါကြောင်းနှင့် မြေငလျင်ကြောင့် ထိခိုက်ခံစားရသူများအနေဖြင့် ခွန်အားသစ်များပြန်လည်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းတို့ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

**အဆွေတော် မစ္စတာ မင်းအောင်လှိုင်**
**ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော်၊**
**ဝန်ကြီးချုပ်၊**

မြန်မာနိုင်ငံတွင် မြေငလျင်လှုပ်ခတ်ခဲ့သည့်သတင်းကို ကြားသိရသည့်အတွက် များစွာကြေကွဲမိပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများစွာ အသက်ဆုံးရှုံး၊ ထိခိုက်ခံစားခဲ့ရပြီး နိုင်ငံ၏အခြေခံအဆောက်အအုံများပျက်စီးခဲ့ကြောင်း သိရှိရပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူများအား အထူးစာနာထောက်ထားမိပါကြောင်းနှင့် မြေငလျင်ကြောင့် ထိခိုက်ခံစားရသူများအနေဖြင့်ခွန်အားသစ်များပြန်လည်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝမ်းနည်းမှုဖြင့်

**ကီးလ်ရီယို**
**မော်စကိုမြို့နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်းဘုန်းတော်ကြီး**

# ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ် ယာယီရုံးများဆောက်လုပ်ထားရှိမှုကိုကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီမှ ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမဝင်းအတွင်း Prefabricated Office များ တပ်ဆင်တည်ဆောက်နေမှုနှင့် ယာယီရုံးများဆောက်လုပ်ထားရှိပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီညွှန့်ရိပ်သာ (၂) သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ပြိုကျပျက်စီးထိခိုက်ခဲ့သည့် အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အင်ဂျင်နီယာနှင့်လုပ်သားအင်အားများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြိုကျပျက်စီးခဲ့သည့် အဆောင်များမှ ဆယ်တင်ပစ္စည်းများအား စနစ်တကျထိန်းသိမ်းထားရှိရေး၊ အဆောင်များပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သော မြို့ပြစီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ငလျင်ဘေးကြောင့် ထိခိုက်ခဲ့သော ဝန်ကြီးဌာနရုံးများနှင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာများအား ပြန်လည်နေရာချထားရေး အဆိုပြုစီမံချက်နှင့် နေပြည်တော် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲထားမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆင်သေရေလှောင်ဆည်မှ စိုက်ပျိုးရေပြန်လည်ပေးဝေ

နေပြည်တော် မေ ၁၅

မန္တလေးငလျင်ကြီးကြောင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိရေလှောင်တမံကြီးများ ထိခိုက်ပျက်စီးမှုများမရှိခဲ့သော်လည်း ဆင်သေရေလှောင်ဆည်တွင် အလျားပေ ၁၅၀ ခန့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အတွက် ယာယီပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်၍ ဧပြီလ ၈ ရက်တွင် လယ်ယာမြေ ၄၅၂ ဧကကို စိုက်ပျိုးရေ စတင်ပြန်လည်ပေးဝေနိုင်ခဲ့ပြီး နောက်ဆက်တွဲငလျင်များကြောင့် ဧပြီလ ၁၂ ရက်တွင် ဆင်သေရေလှောင်ဆည်မှာ ဒုတိယအကြိမ် ထပ်မံထိခိုက်မှုဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေပေးဝေမှုကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။

စိုက်ပျိုးရေအမြန်ပြန်လည်ပေးဝေနိုင်ရန်အတွက် ဌာနရှိ စက်ယန္တရားကြီးများဖြင့် ယာယီရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကြီးကြပ်၍ နေ့/ညမပြတ်ဆောင်ရွက်ခဲ့ရာ လက်ယာတူးမြောင်းရေသောက်စနစ်ရှိ လယ်ယာမြေများအား ဧပြီလ ၁၇ ရက်တွင် စိုက်ပျိုးရေပြန်လည်ပေးဝေနိုင်ခဲ့ပြီး မေလ ၁၂ ရက်တွင် လက်ယာတူးမြောင်းရေသောက်စနစ်ရှိ စိုက်ပျိုးပြီးနွေစပါး ၂၂၇၉ ဧကကို ရာနှုန်းပြည့်စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။

အလားတူ လက်ဝဲတူးမြောင်းမကြီးမှလည်း စိုက်ပျိုးရေအမြန်ပြန်လည်ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ဧပြီလ ၂၀ ရက်မှစတင်၍ ရေတင်စက်နှစ်စုံဖြင့် ရေကူပေးဝေနိုင်ခဲ့ပြီး ပိုမိုကောင်းမွန်သောစနစ်အဖြစ် ဆင်သေချောင်းအတွင်းမှ ရေကိုတိုက်ရိုက်ရေခေါ် မြောင်းတူးဖော်ခြင်းလုပ်ငန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာ မေလ ၂ ရက်တွင် လက်ဝဲတူးမြောင်းမကြီးသို့ စိုက်ပျိုးရေတိုက်ရိုက်ဖြည့်သွင်းပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၏ အနီးကပ်ကြီးကြပ်စစ်ဆေးမှု၊ ဌာနမှဝန်ထမ်းများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများပူးပေါင်း၍ ရေလှည့်စနစ်၊ ရေစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေပေးဝေခဲ့ရာ မေလ ၁၃ ရက် ညနေပိုင်းတွင် လက်ဝဲတူးမြောင်းမကြီးရှိ စိုက်ပျိုးပြီး ၆၆၅၅ ဧကကို အပြည့်အဝရေပေးဝေနိုင်ခဲ့သည်။

ယနေ့မေလ ၁၅ ရက်တွင် ဆင်သေရေလှောင်ဆည်ရေသောက်စနစ်ရှိ စိုက်ပျိုးပြီးနွေစပါးစုစုပေါင်း ၈၉၃၄ ဧကကို အပြည့်အဝရေပေးဝေထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍ စပါးရိတ်သိမ်းပြီးချိန်အထိ လိုအပ်သော စိုက်ပျိုးရေအပြည့်အဝပေးဝေရေးကို တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°c | / | ၃၄°c |
| ရန်ကုန် | ၂၄°c | / | ၃၀°c |
| မန္တလေး | ၂၈°c | / | ၃၇°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးစစ်ဆေး

**ဇီးကုန်း မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးတာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကံကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် တိုင်းတာခြင်းနှင့် မြေနေရာအခြေအနေတို့ကို ကြည့်ရှုသည်။

ဇီးကုန်းမြို့နယ် ကံကြီးကျေးရွာ၌ အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသောကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှသုံးစွဲခွင့်ရှိသောငွေကျပ် ၁၄ ဒသမ ၅၀ သန်းဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကံကြီးကျေးရွာရှိ အိမ်ခြေ ၉၁ အိမ်မှ လူဦးရေ ၃၄၀ ဦးတို့၏သွားလာရေးအတွက် လွယ်ကူစေမည်ဖြစ်ကြောင်းသိရသည်။

**ချိုလေး**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ချုံများကို ကျော်လွန်သောအခါ ဝဲကြီးရွာသင်္ချိုင်းသို့ ရောက်လေရာ ဖောင်သည် ရုတ်တရက် အရှိန်နှေးသွားခြင်းကို သိလိုက်ရ၏။ ထို့နောက်တွင် နှေးရုံသာမက အရှိန်လုံးဝသတ်ပြီး အထက်သို့ပင်ဆန်၍ တက်ပြန်၏။ ကျွန်ုပ် အံ့သြလျက်ရှိစဉ် ဤနေရာ၌ ဝဲလှည့်ကြောင်းကို တွေးမိပါတော့သည်။ တွေးမိခြင်းကား ဟုတ်ပါ၏။ သို့ရာတွင် ဤဝဲကိုကျော်လွန်ဖို့ အရေးက ရှိသေးသည်။ ဝဲတို့မည်သည် လှည့်ပတ်သည့်အကြိမ်ရေစေ့သောအချိန်တွင် အလိုအလျောက် ထွက်လာတတ်သည်ဟု ကြားဖူး၏။

သုံးပတ်ရှိသော်လည်း လှည့်မြဲတိုင်းလှည့်လျက်ရှိရာတွင် ကျွန်ုပ် အကြံအိုက်လာလေပြီ။ သင်္ချိုင်းသည် ကမ်းအတက်တွင်ရှိ၏။ လွန်ခဲ့သောရှစ်နှစ်ခန့်က သုသာန်ဓူတင်ဆောင်ဖို့ စိတ်ကူးခဲ့ဖူးသည့် ကျွန်ုပ်သည် သင်္ချိုင်းအနီးတွင် အဖော်တစ်ယောက်နှင့်ပင် ကျောစိမ့်ချင်သလိုလို ဖြစ်နေလေပြီ။ ဖိုးယုန်ကား သိဟန်မရှိသဖြင့် ဖောင်အလယ်တွင် ခပ်အေးအေးထိုင်လျက်ရှိ၏။ ကျွန်ုပ်စဉ်းစားမိသည်ကား ဖောင်သည် အလိုအလျောက်ထွက်တော့မည်မဟုတ်။ တွန်းထုတ်မှ ဖြစ်လိမ့်မည်။ ဖိုးယုန်ကို တစ္ဆေနှင့်ခြောက်ရလျှင် တွန်းထုတ်ကောင်းပါ၏ဟု အကြံဖြစ်သည်နှင့် "ဟေ့ ဖိုးယုန်၊ ဟိုပေါ်မှာသင်္ချိုင်းကွ၊ မင်းမကြောက်ဘူးလား၊ ဖောင်ကို တွန်းထုတ်မှဖြစ်မယ်" ဟု ပြောရာ ဖိုးယုန်က "ကျွန်တော်က ငါးကိုသာ ကြောက်တာ၊ တစ္ဆေ မကြောက်ဘူးဆရာ" ဟု ပြောသည်နှင့် ခွကျလျက်ရှိပြန်သည်။ ကျွန်ုပ်မှာလည်း အတော်ချမ်းအေးလာသော ဤအချိန်တွင် ရေထဲသို့ မဆင်းချင်တော့ပြီဖြစ်၍ သဗ္ဗေသတ္တာ ကမ္မသကာဟု အောက်မေ့လိုက်ရပါတော့သည်။ "ဟေ့ကောင် ဘယ့်နှယ်လဲကွ၊ ဖောင်နဲ့ကမ်း ခွာလာခဲ့တယ်ထင်တယ်" ဟု ကျွန်ုပ်က ပြောရာ ဖိုးယုန်က "ဟုတ်တာပေါ့ဆရာ၊ ခုနစ်ပတ်စေ့လို့ ခွာထွက်လာတာပေါ့" ဟု ပြောလေ၏။ ဟုတ်လည်း ဟုတ်ပေသည်။ ဖောင်သည် ဝဲလည်ရာမှ ထွက်၍ ရေစီးကြောင်းသို့ ရောက်ခဲ့လေပြီ။

**ဆင်းဒဘက်ကဲ့သို့**

ကျွန်ုပ်၏ မူလရည်ရွယ်ချက်မှာ တစ်ညလုံး စုန်ချပြီး နံနက်လင်းလျှင် မြတောင်သို့ ရောက်ဖို့ဖြစ်၏။ ယခုမှာ ဖောင်ပေါ်၌ တဲလေးမရှိတော့သဖြင့် ချမ်းအေးမည်ဖြစ်သောကြောင့် ကမ်းနီရွာသို့ ဆိုက်ကပ်ကာ တစ်ညအိပ်ရပါတော့သည်။ ကျွန်ုပ် သတိရမိသည်မှာ ကမ်းနီရွာတွင် ဗုဒ္ဓဃောသအဖြစ်နှင့် သီတင်းသုံးခဲ့ဖူးသည့် ကျွန်ုပ်နှင့် ယခု ကျွန်ုပ်မှာ သီလ သမာဓိပ္ပြန္တေသမ္ပတ္တိချင်းခြားနားပုံကို ရှက်သည်နှင့် သူကြီးကိုညွှင်း အစရှိသော လူကြီးလူကောင်းများ၏ အိမ်သို့မဝင်ဘဲ ရွာအစွန်း၌ ဘဲ၊ ကြက်မွေးမြူသော လူတစ်ယောက်၏တဲကလေးသို့ဝင်၍ ညတစ်ဝက်တည်းခိုခဲ့ပါသည်။ မိုးမလင်းမီထ၍ ကျွန်ုပ်တို့ ဆက်လက်စုန်လာကြရာ နံနက် ၁၀ နာရီအချိန်လောက်တွင် မြတောင်ရွာသို့ဆိုက်ရောက်၍ ကမ်းပါးမှ ကြိုဆိုလျက်ရှိသော မစိုးကိုမြင်ရ၏။ ကျွန်ုပ်စိတ်ထဲ၌ သဘော်သားဆင်းဒဘက် ပြန်ရောက်လာခြင်းကဲ့သို့ ရောမစွန့်စားခြင်းကြီးသဖွယ် အောက်မေ့မိသေးသည်။ ဆင်းဒဘက်ကား ခုနစ်ခေါက်ထွက်ခဲ့သည်။



တစ်ခေါက်တည်းသာထွက်ဖူးသည့် ကျွန်ုပ်သည် အဘယ်ကြောင့် အထင်မကြီးသင့်ဘဲရှိရမည်နည်း။ ဆိုလိုခြင်းမှာ ကောင်းမှုကုသိုလ်အလုပ်ကိုဖြစ်စေ၊ စွန့်စားရသောအလုပ်မျိုးကိုဖြစ်စေ အကြိမ်ကြိမ်ပြုလုပ်ဖူးသူအဖို့၌ ရိုးသွားတတ်ပေရာ တစ်ကြိမ်တစ်ခါပြုဖူးသူတို့မှာမူ ရင်ဘတ်ကော့ခြင်း၊ လက်မထောင်ခြင်း စသည့်အမူအရာမျိုး ဖော်ပြချင်တတ်ကြလေသည်။

**ရန်ကုန်သို့ ဆင်းရပြန်ခြင်း**

၁၉၃၄ ခုနှစ် မေလတွင် မန်ကျည်းတုံမှ မိခင်နေမကောင်းကြောင်း ကြေးနန်းရရှိသည်နှင့် ကျွန်ုပ်တို့ဇနီးမောင်နှံ ချက်ချင်းဆင်းလာကြ၏။ မိခင်မကျန်းမာခြင်းမှာ အပြင်းအထန်မဟုတ်သဖြင့် မကြာမီ ပျောက်ကင်းပါ၏။ သို့ရာတွင် ရန်ကုန်မှ ဝတ္ထုအော်ဒါများမှာ တဖြည်းဖြည်းလျော့ဆင်းလာလေပြီ။ ကျွန်ုပ်အဖို့ မကြာခဏတွေ့ကြုံခဲ့သည့် ထုံးစံအတိုင်း ဂျာနယ်၊ မဂ္ဂဇင်းဟောင်းများ ပြုတ်ကြ၍အသစ်များနှင့် အဆက်အသွယ်မဖြစ်ဘဲ ရှိရာတွင် တစ်လလျှင် ဝင်ငွေ ၅၀ ကျပ်ခန့်မျှလောက်သာ ကျန်တော့၏။ ၅၀ ကျပ်ဟူသော ဝင်ငွေမှာ (ဆန်တစ်တင်း တစ်ကျပ်လေးပဲ၊ ဆီတစ်ပုံးလေးကျပ်၊ ကြက်၊ ဝက်တစ်ပိဿာ တစ်ကျပ်မျှသာ ပေါက်ဈေးရှိသော ခေတ်ဖြစ်၍) ကျေးရွာအနေအထိုင်အရ မကျပ်တည်းလှသော်လည်း ဆက်လက်၍ ဝင်ငွေလျော့ဆင်းဦးမည်ကိုစိုးရိမ်ရသည်နှင့် ရန်ကုန်သို့ဆင်းရန် အကြံဖြစ်ပေါ်လာပါတော့သည်။ ထိုအတောအတွင်း ပဲရော့ဦးဆန်နီက ကျွန်ုပ်ရေးသမျှစာများကို ဝယ်ယူစုဆောင်းထားပါမည်ဟု အားပေးသောစာများရရှိသော်လည်း စေတနာကောင်းသော ပုဂ္ဂိုလ်တစ်ဦးက ကရုဏာသဘောနှင့် အားပေးခြင်းကို မခံယူလိုသည်နှင့် ယင်းနှစ် ဩဂုတ်လ ၁ ရက်တွင် ရန်ကုန်သို့ ဆင်းလာကြပါသည်။

**ပီမိုးနင်းနှင့်အတူ**

ရန်ကုန်မြို့၌ နေအိမ်ရဖို့မှာ ဤခေတ်မှာကဲ့သို့ အခက်အခဲကြီး မဟုတ်သော်လည်း လွယ်ကူလှသည်ကား မဟုတ်ချေ။ ၁၉၂၆ ခုနှစ် နယူးဘားမားကိုဘလိုင်ကခေါ်၍ ဆင်းလာရာတွင် ကိုခင်မောင်တင့်ကို အားကိုးရသော်လည်း ယခုအခါ၌မူ သူ၏ 'ဘားမားဟောက်စ်' ဆိုင်ကလေးမှာ ပြုတ်သွားခဲ့လေပြီ။ သို့ဖြစ်၍ ယခင်က စမ်းချောင်းကြက်တောင်ရိုက်အသင်းတွင် ကျွန်ုပ် အကြီးအကဲလုပ်ခဲ့ဖူးခြင်းအားဖြင့် သိကျွမ်းခင်မင်ခဲ့သော ကျောက်ထောင်ဆရာလူငယ်တစ်ယောက်အိမ်၌ ခေတ္တတည်းခိုကြရ၏။ ထိုမှတစ်ဖန် ဗိုလ်ချုပ်လမ်းနှင့် ကရိုလမ်းထောင့်ရှိ ပီမိုးနင်း၏တိုက်ခန်းသို့ ပြောင်းရွှေ့ကြ၏။ သူရဲကောင်းသုံးယောက်ဝတ္ထု၌ ပေါ်သိုးသည် ငွေရှင်သောအခါများတွင် သူငယ်ချင်းမိတ်ဆွေများကို ကျွေးမွေးလေ့ရှိကြောင်း၊ မိမိကိုယ်တိုင် ကျပ်တည်းသောအခါများ၌ ထိုမိတ်ဆွေများက အတုံ့အလှည့်သဘောနှင့် ကျွေးမွေးရသည်ဖြစ်သောကြောင့် မိတ်ဆွေများအား ကျွေးမွေးခြင်းသည် အချည်းအနှီးမဖြစ်ဘဲ အရင်းအနှီး (Investment) အနေဖြင့် ငွေပင်ငွေရင်းစိုက်ထူထားသည်မည်ကြောင်း ဖတ်ရဖူး၏။ ကျွန်ုပ်သည်လည်း စာတော်ပြန်အလုပ်၌ရှိစဉ် ပီမိုးနင်းတို့ဇနီးမောင်နှံအား အိမ်သို့ဖိတ်ခေါ်ကာ မကြာမကြာကျွေးမွေးညှော့ခံခဲ့ဖူး၏။ ထိုစဉ်ကမူ ပီမိုးနင်းနှင့် ကျွန်ုပ်မှာ (နောက်ပိုင်းမှာကဲ့သို့) အလွန်အမင်းရင်းနှီးသေးသည် မဟုတ်သောကြောင့် ကျွန်ုပ်က အထက်ပါနည်းအတိုင်း ကျေးဇူးပြုဖူးခြင်းမရှိခဲ့ပါလျှင် (သူက ခေါ်စေဦးတော့) ကျွန်ုပ်က လိုက်ပါနေထိုင်လိမ့်မည် မဟုတ်ချေ။ ပီမိုးနင်း၏နေအိမ်၌ ကျွန်ုပ်တို့ တစ်လခန့်မျှ တည်းခိုနေထိုင်ကြရခြင်းအားဖြင့်လည်း အလွန်ရင်းနှီးသော ငယ်ပေါင်းများသဖွယ် အကျွမ်းတဝင်ဖြစ်လာကြပါသည်။

**ပီမိုးနင်း**

အတူတကွနေထိုင်ကြသည်ဆိုသော်လည်း ကိုယ့်အိုးနှင့်ကိုယ် ချက်ပြုတ်စားသောက်ကြခြင်းဖြစ်၏။ ထိုအချိန်၌ ပီမိုးနင်းသည် ကျွန်ုပ်ထက် အနည်းဆုံးဝင်ငွေသုံးဆခန့်ရရှိသူဖြစ်၏။ ကျွန်ုပ်၌ ဖောက်သည်ပြတ်လျက်ရှိစဉ် သူ့မှာ အမြဲတမ်းစာရေးစရာရှိနေ၏။ သို့နှင့်လည်း သူ၏ဒုတိယဇနီးမှာ အလွန်လက်ဖွာသော အမျိုးသမီးတစ်ယောက်ဖြစ်၍ မကြာခဏ ငွေပြတ်လပ်ကြ၏။ ဤအကြောင်းနှင့်ပတ်သက်၍ အဖြစ်အပျက်တစ်ခုကို ကျွန်ုပ် မှတ်မိသေးသည်။ တစ်နေ့သ၌ ကျွန်ုပ်သည် ပဲရော့ဦးဆန်နီထံမှ ငွေ ၂၅ ကျပ်ရ၍ ပီမိုးနင်းသည် တခြားလူတစ်ယောက်ထံမှ ငွေ ၁၀၀ ကျပ်ရရှိ၏။ ထိုရက်များအတွင်း ဇနီးဖြစ်သူသည် ဝယ်လိုက်ခြမ်းလိုက်၊ ချက်လိုက်ပြုတ်လိုက်၊ ရှူလိုက်၊ ပွတ်လိုက်ကြသည်မှာ မိုးမွှန်လျက်ရှိ၏။ အပြင်သို့ခဏခဏထွက်၍ အပြန်တွင် စားစရာများပါလာသည့်အပြင် နှုတ်ခမ်းများနီရဲအောင် ကွမ်းများစားလာ၏။ (ဤသည်မှာ ကုတ်ကင်းပွတ်လာခြင်း၏အထိမ်းအမှတ်ဖြစ်ကြောင်း ကျွန်ုပ်သိရပြီးလေပြီ။) နောက်ဖေးသို့လည်း ခဏခဏထွက်၍ရှူကြ၏။ အပြင်သို့ ခဏခဏထွက်၍ထိုးကြ၏။ သူခေါ်တိုင်း မလိုက်သော်လည်း တစ်ခါတစ်ခါလိုက်၍ ကျွန်ုပ်လည်း (မာဇီယား) ထိုးစမ်းကြည့်၏။ (ကြောက်မက်ဖွယ်အကောင်းဆုံးသော သုရာမေရယအလုပ်ပေတည်း။) ကျွန်ုပ်မှာ ကပ်ပါးရပ်ပါးတစ်ယောက်မဟုတ်သောကြောင့် သူခေါ်တိုင်းမလိုက်ခဲ့ပါ။ ကိုယ်က တစ်ကြိမ်ခေါ်နိုင်မှ သူခေါ်ခြင်းကိုလိုက်ပါသည်။ သူကဲ့သို့ ဝင်ငွေမရှိသောကြောင့် သူဖြုန်းတိုင်းလည်း မဖြုန်းဝံ့ပါ။ အမှန်မှာ ကျွန်ုပ်အဖို့ရာ၌ ချွေတာရေးကို လေ့ကျင့်ရဆုံးသော ကာလအပိုင်းအခြားဖြစ်ပါသည်။ သို့သော် စိတ်ထဲ၌မူ သုံးဖြုန်းနိုင်မည့်အချိန်ကို စောင့်မျှော်လျက်ရှိ၏။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပီမိုးနင်းက ငွေ ၁၀၀ ကျပ်၊ ကျွန်ုပ်က ငွေ ၂၅ ကျပ် ရရှိပြီးသည့်နောက် ငါးရက်ခန့်ကြာသောအခါ ပီမိုးနင်းကတော်သည် ထမင်းအိုးတစ်လုံးတည်းချက်ပြီး ဘာအိုးမျှမချက်ဘဲထိုင်နေသည်ဟု မစိုးကပြော၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## ရန်ကုန်မြို့၌ ထိုင်းနိုင်ငံတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲကျင်းပမည်

ရန်ကုန် မေ ၁၅

ထိုင်းနိုင်ငံတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားများအသင်းမှကြီးမှူး၍ ထိုင်းနိုင်ငံရှိ ထိပ်သီးတက္ကသိုလ်များပါဝင်မည့် (၉) ကြိမ်မြောက် ထိုင်းနိုင်ငံတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲကို ရန်ကုန်မြို့ရှိ Novotel Hotel ၌ မေလ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသည် ထိုင်းနိုင်ငံ၌ ပညာသင်ယူဆည်းပူးလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် အခွင့်အရေးများစွာရရှိနိုင်ပြီး အခြေခံပညာအထက်တန်း မအောင်မြင်သေးသော ကျောင်းသား၊ ကျောင်းသူများအတွက် Foundation Program များအကြောင်းလေ့လာနိုင်ခြင်း၊ HND၊ GED၊ IGCSE results များရထားသော်လည်း တက္ကသိုလ်ရွေးချယ်ရန် ခက်ခဲနေသော ကျောင်းသား၊ ကျောင်းသူများ၊ မဟာဘွဲ့တက်ရောက်လိုသူများ၊ ပါရဂူဘွဲ့တက်ရောက်လိုသူများအတွက် ပညာတော်သင်ဆု လျှောက်ထားပုံတို့ကိုသိရှိနိုင်ခြင်း၊ နောက်ဆုံးပေါ်ပညာရေးဆိုင်ရာလမ်းကြောင်းများကို တစ်နေရာတည်း၌ လေ့လာနိုင်ပြီး ထိုင်းနိုင်ငံတက္ကသိုလ်များမှ ပါမောက္ခများ၊ တာဝန်ရှိသူများထံမှ အကြံဉာဏ်များကို ရယူနိုင်ခြင်းတို့အပြင် မိမိနိုင်ငံ၌ပင် ထိုင်းနိုင်ငံရှိ နာမည်ကြီးကျောင်းများနှင့် တိုက်ရိုက်တွေ့ဆုံနိုင်ခွင့် ရရှိနိုင်မည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများသာမက မိဘ၊ ဆရာများနှင့် စိတ်ဝင်စားသူမည်သူမဆို လာရောက်လေ့လာနိုင်မည်ဖြစ်သည်။ ထို့ပြင် ထိုင်းနိုင်ငံတက္ကသိုလ်များနှင့် ဆက်စပ်နေသော Update သတင်းအချက်အလက်များ၊ Networking အခွင့်အလမ်းများမှ Visa လျှောက်နည်းအထိ အသေးစိတ်ဆွေးနွေးတိုင်ပင်နိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲကို မေလ ၂၄ ရက်တွင် နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်မည်ဖြစ်ပြီး အင်တာနက်မှ လေ့လာလိုသူများအနေဖြင့်လည်း amautsecre-tariat@gmail.com သို့ Alumni Network Join ဟု email ပေးပို့၍ အကြံဉာဏ်များ ရယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက Association of Myanmar Alumni from Universities in Thailand–AMAUT Facebook Page ၌လည်း စုံစမ်းနိုင်ကြောင်း သိရသည်။

ရွှေအိမ်

# UNOPS မှ လျှော့ပေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး



နေပြည်တော် မေ ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်ကိုယ်စားလှယ် Ms. Sara Austin Netzer အား ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် UNOPS မှ လျှော့ပေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့မှုအခြေအနေ၊ မြန်မာအစိုးရနှင့် UNOPS အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ICRC ဘက်မှ လျှော့ပေးသင့်ဒေသများအတွက် ရေရရှိရေး၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပေးနေမှုလုပ်ငန်းများနှင့်ပတ်သက်၍ဆွေးနွေး



နေပြည်တော် မေ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေမှုအခြေအနေများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများလိုအပ်နေမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်းဆွေးနွေးပြီး ICRC ဘက်မှ လျှော့ပေးသင့်ဒေသများအတွက် ရေရရှိရေး၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပေးနေမှုလုပ်ငန်းများနှင့် ICRC ၏ ပုံမှန်ဆောင်ရွက်နေသောလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနနှင့် ICRC တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာအမှုထမ်းများနှင့် ICRC ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေလ ၁၅ ရက်အထိ သေဆုံးသူ ၃၇၂၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၄ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၂ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## ထူးခြားသည့်နေ့အပူချိန်များ

| | | | |
|---|---|---|---|
| ၁၅-၅-၂၀၂၅ | | တံတားဦး | ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | (လေကြောင်းမိုးလေဝသ) | |
| မြင်းမူ | ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မန္တလေး | ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| (လွန်ကျော်) | | မကွေး | ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် | မင်းဘူး | ၃၇ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများထုတ်ပြန်ကြေညာ

မန္တလေး မေ ၁၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာကျောင်းများအလိုက် ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အောင်စာရင်းများ ထုတ်ပြန်ကြေညာပေးခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးစိုးမြင့်ချိုက "ကျွန်တော်တို့ တိုင်းပညာရေးမှူးရုံးအနေနဲ့ Grade– 5 နဲ့ Grade –9 အောင်စာရင်းတွေကို ကြီးကြပ်ပေးရပါတယ်။ ဒီလိုကြီးကြပ်ပေးပြီး Grade – 9 အောင်စာရင်းရလဒ်တွေကိုတော့ ခရိုင်ပညာရေးမှူးရုံးက ထုတ်ပြန်ပေးရပါတယ်။ Grade – 5 အောင်စာရင်းရလဒ်တွေကိုတော့ မြို့နယ်ပညာရေးမှူးရုံးက ထုတ်ပြန်ပေးရတာဖြစ်ပါတယ်။ အောင်စာရင်းတွေကိုတော့ သက်ဆိုင်ရာကျောင်းအသီးသီးမှာ မနက် ၆ နာရီ ကစပြီး ထုတ်ပြန်ပေးမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ စနစ်တကျကြည့်ရှုနိုင်အောင် ကြီးကြပ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း ကျောင်းနေအရွယ်ကလေးအားလုံးအတွက် လိုအပ်တာတွေကို ထောက်ပံ့ပေးသွားမှာဖြစ်တဲ့အတွက် လာရောက်ကျောင်းအပ်နှံကြဖို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။





မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများအသီးသီး၌လည်း ယနေ့နံနက်ပိုင်းမှစတင်၍ အခြေခံပညာအတန်းများအတွက်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြရာ တာဝန်ကျ ဆရာ၊ ဆရာမများက စနစ်တကျနှင့်စည်းကမ်းတကျ ကြည့်ရှုနိုင်စေရန် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် KG မှ Grade –11 အထိ အတန်းစဉ်အလိုက် စာမေးပွဲများကို ဖေဖော်ဝါရီလနှင့် မတ်လအတွင်းက ကျင်းပပေးခဲ့ပြီး အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ Grade –5 နှင့် Grade–9 မပါ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၃၄၁၁၃ ဦးနှင့် Grade –5 နှင့် Grade–9 ကျောင်းသား၊ ကျောင်းသူပေါင်း ၅၄၀၂၀ ဦးဝင်ရောက်ဖြေဆိုခဲ့ရာ ဖြေဆိုအောင်မြင်သူများကို သက်ဆိုင်ရာကျောင်းများအလိုက် အောင်စာရင်းရလဒ်များကို ကြေညာပေးခဲ့ခြင်းဖြစ်သည်။

၂၀၂၅- ၂၀၂၆ ပညာသင်နှစ်အတွက် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလ ၂၂ ရက် မှ ဇွန်လ ၁ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ ပုံနှိပ်စာအုပ်များ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အောင်အောင်

# ပွင့်ဖြူမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး အရိပ်ရပင်များ စိုက်ပျိုး



ပွင့်ဖြူ မေ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ယခုနှစ်မိုးရာသီတွင် မြို့နယ်အတွင်း အပူဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မေလပထမပတ်မှစတင်ကာ တစ်အုပ်တစ်မစိုက်ခင်း(အထူးစိမ်း)အရိပ်ရပင် ၂၀၀၀ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တစ်အုပ်တစ်မစိုက်ခင်း(အထူးစိမ်း) အရိပ်ရပင် ၂၀၀၀ ကို ချောင်းဆုံကျေးရွာ၏ အနောက်မြောက်ဘက်ရှိ မြေကွက်လပ်၌ မေလ ၁၅ ရက်အထိ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေ ဦးဆောင်၍ ဝန်ထမ်းများအဖွဲ့က ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ဒဟတ်၊ ကုက္ကို၊ မဲဇလီ စသည့်အရိပ်ရပင် ၈၀၀ ခန့် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ နှစ်စဉ် မိုးရာသီကာလတွင် မြို့နယ်အတွင်း အပူဒဏ်ကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်ရည်ရွယ်၍ တစ်အုပ်တစ်မ စိုက်ခင်း(အထူးစိမ်း) စိုက်ပျိုးခြင်းများ အပါအဝင် ကျေးရွာသုံးထင်းစိုက်ခင်းများ၊ ကျေးရွာပိုင်စိုက်ခင်း များကို အကောင်အထည်ဖော်စိုက်ပျိုးလျက်ရှိသည်။ ယခုနှစ်မိုးရာသီတွင်လည်း ချောင်းဆုံကျေးရွာ ပျိုးဥယျာဉ်ခြံတွင် ဒဟတ်၊ မဲဇလီ၊ ကုက္ကို၊ ဘောစကိုင်း၊ ယူကလစ် စသည့်အရိပ်ရပျိုးပင်ပေါင်း ၄၀၀၀၀ ကျော် ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ပုဇွန်တောင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာများစိုက်ထူ


ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ မြေစိုက်ပိုစတာကို မေလ ၁၅ ရက်တွင် အမှတ်(၆) ရပ်ကွက်ရှိအထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်ဈေးရှေ့၌ စိုက်ထူခဲ့ကြောင်း သိရသည်။

အဆိုပါမြေစိုက်ပိုစတာစိုက်ထူပွဲသို့ ပုဇွန်တောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းနှင်းအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပုဇွန်တောင်ဈေးတာဝန်ခံနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ကြပြီး တာဝန်ရှိသူများက အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ မြေစိုက်ပိုစတာ စိုက်ထူထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ပုဇွန်တောင်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၁၆ ကျောင်းရှိ၍ မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အဖြစ် သတ်မှတ်ထားပြီး ကျောင်းဖွင့်ချိန်အမီ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှဦးဆောင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အပတ်စဉ် စနေနေ့တိုင်း ကျောင်းတွင်းနှင့်ကျောင်းပြင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟန်စုယဉ်




# ကံမမြို့နယ် ကံစုကျေးရွာ၌ လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြော

ကံမ မေ ၁၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ကံစုကျေးရွာ၌ လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို မေလ ၁၅ ရက်တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် သရက်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ဖြိုးအောင်က မီးခိုးမြူငွေ့ အန္တရာယ်အကြောင်းသိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများက မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

အထွေး

# သထုံမြို့နယ်၌ ဆေးဝါးနှင့်အလှကုန်ပစ္စည်းအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး




သထုံ မေ ၁၅

မွန်ပြည်နယ် သထုံမြို့နယ်၌ ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့် ဆေးဝါးနှင့် အလှကုန်ပစ္စည်းအရောင်းဆိုင်များကို မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ တာဝန်ရှိသူများပူးပေါင်း၍ မေလ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ သထုံခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းဦး ဦးဆောင်မှုဖြင့် တာဝန်ရှိသူများပူးပေါင်းကာ သထုံမြို့ပေါ် ရပ်ကွက်အသီးသီးရှိ လိုင်စင်ရ ဆေးဝါးအရောင်းဆိုင်များနှင့် အလှကုန်ပစ္စည်းအရောင်းဆိုင်များ၌ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ၊ ဈေးနှုန်းမှန်ကန်စွာရောင်းချခြင်း ရှိ၊ မရှိ၊ သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးကာ လိုအပ်သည်များကို အသိပညာပေးဆွေးနွေးသည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချမ်းမြေ

# စားဖိုဆောင်သီးနှံ ဆေးဖက်ဝင် ကြက်သွန်ဖြူပင်

ပြည့်ပြည့်

ကြက်သွန်ဖြူသည် မြန်မာ့ရိုးရာအစားအစာများ၊ စားသောက်မှုပုံစံများအရ မရှိမဖြစ်လိုအပ်သည့် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့်အတွက် ပြည်တွင်း သုံးစွဲမှုမြင့်မားပြီး ပြည်တွင်းဈေးကွက်အခိုင်အမာ ရှိသည်။ စားဖိုဆောင်သီးနှံ ကြက်သွန်ဖြူကို အစိမ်း စားသုံးခြင်း၊ လက်ဖက်ရည်အဖြစ် သောက်သုံးခြင်း၊ ဆီအဖြစ်သုံးစွဲခြင်း၊ ဟင်းချက်ပြုတ်ရာတွင် အသုံးပြု ခြင်း၊ စားသောက်ကုန်လုပ်ငန်းများ၊ စားသောက်ဆိုင် များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများ တွင်လည်းကောင်း၊ အစာကြေလေနိုင်စေရန်ရည်ရွယ် ပြီး ပျားရည်များနှင့်စိမ်၍ စားသောက်ခြင်း၊ မီးဖုတ်၍ စားသောက်ခြင်း စသည်ဖြင့် အိမ်တွင်းဆေးဝါးအဖြစ် လည်းကောင်း နည်းလမ်းအမျိုးမျိုးဖြင့် သုံးစွဲလေ့ရှိ ကြသည်။



## ကြက်သွန်ဖြူ၏ အသုံးဝင်ပုံ

စားဖိုဆောင်သီးနှံကြက်သွန်ဖြူကို အစိမ်းစား သုံးခြင်းသည် ၎င်းတွင် ပါဝင်သောဓာတ်များကို အပြည့်အဝရရှိစေနိုင်သော စားသုံးနည်းတစ်ခု ဖြစ်သည်။ အစာမစားရသေးမီ မနက်ခင်းတိုင်းတွင် ကြက်သွန်ဖြူအမြွှာအနည်းငယ်ကို ရေတစ်ဖန်ခွက်နှင့် သောက်သုံးပေးခြင်းဖြင့် နှလုံးကျန်းမာရေးကောင်းမွန် လာစေပြီး ဆီးချိုရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ် ပေးနိုင်သည်။ ကြက်သွန်ဖြူအစိမ်းစားသုံးခြင်း ကဲ့သို့ပင် ကြက်သွန်ဖြူအား လက်ဖက်ရည်အဖြစ် မနက်ခင်းတိုင်း သောက်သုံးပေးခြင်းသည်လည်း ကျန်းမာရေးအတွက် များစွာအထောက်အကူပြု သည်။ ထိုသို့ သောက်သုံးရန်အတွက် ကြိတ်ခြေထား သော ကြက်သွန်ဖြူများကို ရေတစ်ဖန်ခွက်ထဲသို့ ထည့်ပြီး ကြိုချက်ပေးကာ အနည်းငယ်ဆူပွက် လာပါက သစ်ကြံပိုးခေါက် ၁-၂ ဇွန်းထည့်မွှေပြီး နှစ်မိနစ်ခန့် ထပ်မံကြိုချက်ပေးပြီးနောက် အပူလျော့ သွားပါက ပျားရည်နှင့်သံပရာရည်တစ်ဇွန်းစီထည့် မွှေ၍ သောက်သုံးနိုင်သည်။ ထို့ပြင် ကြက်သွန်ဖြူဆီ အဖြစ် အသုံးပြုနိုင်ရန်အတွက် အရည်အသွေးကောင်း သောဆီထဲသို့ ကြိတ်ခြေထားသော ကြက်သွန်ဖြူ အမြောက်အမြားကိုထည့်သွင်းပြီး မီးအေးအေးဖြင့် ဆယ်မိနစ်ခန့် အပူပေးရမည်ဖြစ်သည်။ ထို့နောက် ကြက်သွန်ဖြူဖတ်များကိုစစ်ထုတ်ပြီး ဆီများကို ပုလင်း တစ်ခုထဲသို့စစ်ယူ၍ ရေခဲသေတ္တာတွင် သိုလှောင် သိမ်းဆည်းကာ နှစ်ပတ်ခန့်ကြာ အသုံးပြုနိုင်မည်ဖြစ် သည်။

## ကြက်သွန်ဖြူစိုက်ပျိုးရာဒေသ

ကြက်သွန်ဖြူသည် ဟင်းခတ်အမွှေးအကြိုင်အဖြစ် သုံးစွဲမှုမြင့်မားသည့်အပြင် ဆေးဖက်ဝင်ပစ္စည်းအနေဖြင့် လည်း အသုံးပြုမှုများပြားရုံသာမက ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင်လည်း စိုက်ပျိုးဖြစ်ထွန်းသောကြောင့် နှစ်စဉ်စိုက်ပျိုးဧရိယာများတိုးတက်လာပြီး ထုတ်လုပ်မှု လည်း မြင့်မားလျက်ရှိသည်။ နှစ်စဉ် ကမ္ဘာပေါ်တွင် ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံပေါင်း ၁၀၀ ကျော်ရှိပြီး တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့သည် ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်မှု အများဆုံး နိုင်ငံများဖြစ်ပြီး ကမ္ဘာ့ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းခန့်ရှိသည်။ နှစ်စဉ် ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားသည့် အခြားသောနိုင်ငံ များမှာ တောင်ကိုရီးယား၊ အီဂျစ်၊ စပိန်၊ ယူကရိန်း၊ မြန်မာနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ဖြစ်သည်။

## အဓိကစိုက်ပျိုးသောမျိုး

မြန်မာနိုင်ငံတွင် ကြက်သွန်ဖြူစိုက်ဧကပေါင်း ခုနစ်သောင်းနီးပါးခန့်ရှိပြီး အဓိကစိုက်ပျိုးထုတ်လုပ် သည့် ဒေသများမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး တို့ဖြစ်ကြသည်။ ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်သော ရှမ်းပြည်နယ်တွင် မိုင်းပန်၊ တောင်ကြီး၊ ပင်လောင်း၊ ဟိုပုံးနှင့် လဲချားမြို့နယ်တို့၌ ဧရိယာအမြောက်အမြား စိုက်ပျိုးထုတ်လုပ်ကြပြီး ကျန်မြို့နယ်များတွင်လည်း စိုက်ပျိုးထုတ်လုပ်မှု အနည်းငယ်ရှိသည်။ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုး ထုတ်လုပ်လျက်ရှိသော ကြက်သွန်ဖြူမျိုးများမှာ ရှမ်းမျိုး(အခွံဖြူ)၊ ရှမ်းမျိုး (အခွံနီ)နှင့် တရုတ်မျိုးတို့ ဖြစ်ကြသည်။

## ကြက်သွန်ဖြူစိုက်ပျိုးနည်း

ကြက်သွန်ဖြူကို အောက်တိုဘာလမှ နိုဝင်ဘာလ တွင် စိုက်ပျိုးလေ့ရှိကြပြီး ဖေဖော်ဝါရီလမှ မတ်လ အတွင်းတွင် တူးဖော်ရိတ်သိမ်းလေ့ရှိသည်။ မြေချဉ်ငန်ဓာတ် ၅ ဒသမ ၅ မှ ၆ ရှိသောမြေမျိုးကို ကြိုက်နှစ်သက်သည်။ အပူအအေးသင့်လျော်သော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ နေ့တာရှည်ခြင်း သည် ဥဖြစ်ပေါ်မှုကို အားပေးသည်။ အပင်ကြီးထွား ဖွံ့ဖြိုးမှုအတွက် အသင့်လျော်ဆုံးအပူချိန် ၁၈ - ၂၀ ဒီဂရီစင်တီဂရိတ်တွင် ဖြစ်ထွန်းပြီး ဥမှ အညှောက် ပေါက်ရန်အတွက် မြေတွင်းအပူချိန် ၂၂ -၂၃ ဒီဂရီ စင်တီဂရိတ်လိုအပ်သည်။ ၂၇ ဒီဂရီစင်တီဂရိတ်ထက် မြင့်ပါက အပင်ကြီးထွားမှုညံ့စေသည်။ ကြက်သွန်ဥ ဖြစ်ပေါ်ရန် အပူချိန် ၅ - ၁၀ ဒီဂရီစင်တီဂရိတ်တွင် အနည်းဆုံး ၁-၂ လရှိရန် လိုအပ်သည်။ တစ်ကေလျှင် မျိုးအဖြစ် ကြက်သွန်ဖြူဥ ပိသာချိန် ၂၅၀-၃၀၀ ခန့် လိုအပ်သည်။ မျိုးဥအား အမြွှာကြီးပြီး ရောဂါကင်းသော မျိုးများကို အသုံးပြုရမည်။

## မြေပြုပြင်နည်း

တစ်ကေတွင် သဘာဝမြေဩဇာ ၁၀-၂၀ တန်၊ ယူရီးယားနှစ်အိတ်၊ တီစူပါနှစ်အိတ်၊ ပိုတက်တစ်အိတ် အသုံးပြုရမည်၊ ထယ်ရေးနက်နက်နှင့်ထွန်ရေးညက်အောင် ထွန်ပြီး ကျမ်းတုံးရိုက်၍ ပေါင်ဖော်စိုက်ပျိုးလေ့ရှိသည်။ မြေခံအဖြစ် ယူရီးယားတစ်အိတ်၊ တီစူပါနှစ်အိတ်၊ ပိုတက်တစ်အိတ်ထည့်ပေးပြီး ကျန်ယူရီးယား တစ်အိတ်ကို ကြားပေါင်းလိုက်ချိန်နှင့် ဥစတင်ဆင်း ချိန်တွင် ထည့်ပေးရမည်။ ပေါင်အမြင့် ၈ လက်မ၊ အကျယ် ၃ ပေခန့်ထား၍ ပေါင်ဖော်ပြီး တစ်တန်းနှင့် တစ်တန်း ၄ လက်မခွာ၍ တစ်ပင်နှင့်တစ်ပင် ၂ လက်မ ခြား၍ စိုက်ပျိုးသည်။ စိုက်ပြီးပေါင်အမြင့်နှင့်အညီ ရေပေးသွင်းရသည်။ ပေါင်းနှိမ်နင်းရေးလုပ်ငန်းသည် အထူးအရေးကြီးသည်၊ လက်ဖြင့်ပေါင်းနှိမ်နင်းလေ့ရှိပြီး စိုက်ပြီး တစ်ပတ်တစ်ကြိမ် ပေါင်းနှိမ်နင်းပေးရမည်။ အပင်နှစ်လသားအထိ ပေါင်းနှိမ်နင်းခြင်းကို ဂရုပြု ဆောင်ရွက်ပေးရမည်၊ မြေအလွန်ကျပ်နေပါက နွားချေး၊ မြေဆွေး ထပ်မံထည့်ပေးရမည်။ ကြက်သွန်ဖူးများကို အပတ်စဉ်ချိုးပေးရမည်၊ သာမန်အားဖြင့် တစ်ပတ်လျှင် တစ်ကြိမ် ရေပေးသွင်းရမည်။ ရာသီဥတုပူပြင်းပါက ၄-၅ ရက် တစ်ကြိမ် ရေပေးသွင်းရမည်။ ရေသွင်းချိန် ရှစ်ကြိမ်မှ ၁၀ ကြိမ်ထိလိုအပ်သည်။ အပင်နှစ်လသား အမြင့် ၁ ပေခွဲခန့်ရှိချိန်တွင် ရေသွင်းခြင်းကို ရပ်လိုက် ရမည်။ ပိုးမွှားရောဂါကျရောက်ပါက သင့်လျော်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကိုအညွှန်းပါအတိုင်း ပက်ဖျန်းကာကွယ်နိုင်သည်။ အပင်သက်တမ်းမှာ ၁၃၅-၁၅၀ ရက် ရှိသည်။ ပင်စည်နှင့် အရွက် ၁၅-၂၅ ရာခိုင်နှုန်းခန့် ဝါလာလျှင် သို့မဟုတ် ခြောက်လာလျှင် အပင်ကို လက်ဖြင့်ဆွဲနုတ်၍ သိမ်းယူနိုင်သည်။ မျိုးအတွက်ထားပါက အပင်လိုက် လက်တစ်ဆုပ်စာ ခန့်စည်း၍ ဝါးတန်းပေါ်တွင် အခြောက်ခံထားပါ။ နုတ်ယူပြီးသောအပင်များကို အမြိတ်များဖြတ်တောက် ၍ နေနှစ်ရက်ခန့်လှန်းထားနိုင်သည်။ တစ်ကေ ပိသာချိန် ၁၅၀၀ မှ ၃၀၀၀ ထိ ထွက်နိုင်သည်။ ကြက်သွန်ဖြူဥများ နုတ်သိမ်းရာတွင် မြေကြီးထဲ၌ ဥများမကျန်ခဲ့စေရန် သတိပြုရမည်။

## ကြက်သွန်ဖြူဈေးကွက်

ကြက်သွန်ဖြူဈေးနှုန်းများသည် ယေဘုယျအားဖြင့် ဇန်နဝါရီလမှ မေလအတွင်း ဈေးနှုန်းအမြင့်ဆုံးရရှိ လေ့ရှိကြပြီး ဇွန်လမှ အောက်တိုဘာလအတွင်းတွင် ဈေးအနိမ့်ဆုံးရရှိလေ့ရှိကြသည်၊ ရှမ်းကြက်သွန်ဖြူများ သည် တရုတ်ကြက်သွန်ဖြူများထက် ဈေးနှုန်းပိုမို မြင့်မားတတ်ပြီး အနံ့အရသာ ပိုမိုကောင်းမွန်သည့် အတွက် လူကြိုက်များသည်။ မြန်မာနိုင်ငံမှ စိုက်ပျိုး ထွက်ရှိသော ကြက်သွန်ဖြူများကို မြန်မာပြည်အနှံ့သို့ တင်ပို့ရောင်းချလေ့ရှိပြီး ရန်ကုန်နှင့် မန္တလေးဈေးကွက် များသို့ တင်ပို့ရောင်းချမှုအများဆုံးဖြစ်သည်၊ စစ်ကိုင်း တိုင်းဒေသကြီးမှထွက်ရှိသော ကြက်သွန်ဖြူများကို ကြက်သွန်ဖြူ(မြေပြန့်)အဖြစ် ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားကြပြီး တရုတ်ကြက်သွန်ဖြူ များကို ကြက်သွန်ဖြူ(ကြူကုတ်)အဖြစ် ရောင်းချလေ့ ရှိသည်။

မြန်မာနိုင်ငံသည် ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်မှု မြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အဓိက ဒေသဖြစ်သော ရှမ်းပြည်နယ်တွင် စိုက်ဧကသောင်းချီ၍ နှစ်စဉ် စိုက်ပျိုးလျက်ရှိသည်။ ထို့ပြင် စစ်ကိုင်း တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးထုတ်လုပ်မှုများရှိပြီး ထွက်ရှိသော ပြည်တွင်း ကြက်သွန်ဖြူမျိုးများဖြစ်သည့် ဗမာကြက်သွန်ဖြူနှင့် ရှမ်းကြက်သွန်ဖြူတို့သည် အနံ့အရသာပိုမိုကောင်းမွန် သည့်အတွက် ပြည်တွင်းဈေးကွက် အခိုင်အမာရှိ ခဲ့သည်၊ သို့သော် လွန်ခဲ့သောနှစ်အနည်းငယ်မှစတင်၍ တရုတ်ပြည်မှ ကြူကုတ်ကြက်သွန်ဖြူများကို ဈေးနှုန်း သက်သာစွာ ဝယ်ယူတင်သွင်းခဲ့သဖြင့် မြန်မာ့ ကြက်သွန်ဖြူမျိုးများသည် ဈေးကွက်လွှမ်းမိုးမှုဒဏ် ကြုံတွေ့ခဲ့ရသည်။ အရွယ်အစားကြီးပြီး အခွံခွာရ လွယ်ကူသဖြင့် စားသုံးသူများ ပိုမိုကြိုက်နှစ်သက် ကြသည့်အတွက် စားသောက်ကုန်လုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုနေကြသည်။

ပြည်တွင်းကြက်သွန်ဖြူဈေးနှုန်းများသည် တရုတ်ပြည်မှ ကြူကုတ်ကြက်သွန်ဖြူများ ဝင်ရောက် ခြင်းနှင့် ရှမ်းကြက်သွန်ဖြူများ၏ထုတ်လုပ်မှု အခြေအနေများအပေါ်မူတည်၍ ပြောင်းလဲ နိုင်သဖြင့် တရုတ်ကြက်သွန်ဖြူများ၏ အဓိက ဝင်ရောက်သည့် တရားမဝင်ကုန်သွယ်မှုလမ်းကြောင်း များကို ထိန်းချုပ်ပေးခြင်းနှင့် ပြည်တွင်း ကြက်သွန်ဖြူများ၏ဈေးကွက်ကို ချဲ့ထွင်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါက ပြည်တွင်းဈေးကွက် ပိုမိုတည်ငြိမ်လာနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြ လိုက်ရပါသည်။ ။

**စားဖိုဆောင်သီးနှံ ကြက်သွန်ဖြူကို အစိမ်းစားသုံးခြင်းသည် ၎င်းတွင်ပါဝင်သောဓာတ်များကို အပြည့်အဝရရှိစေနိုင်သောစားသုံးနည်း တစ်ခုဖြစ်၊ အစာမစားရသေးမီ မနက်ခင်းတိုင်းတွင် ကြက်သွန်ဖြူအမြွှာ အနည်းငယ်ကို ရေတစ်ဖန်ခွက်နှင့်သောက်သုံးပေးခြင်းဖြင့် နှလုံး ကျန်းမာရေးကောင်းမွန်လာစေပြီး ဆီးချိုရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင် . . .**

# ဆေးဖက်ဝင်ဗောက်သီး၏ ကျန်းမာရေးကောင်းကျိုးများ

ဗောက်သီးဆိုသည်မှာ ပူဖောင်းကဲ့သို့ အခွံပါးလေးများ ကာရံထားကာ အတွင်းတွင် သေးငယ်ပြီး ရွှေဝါရောင်သန်းနေသော ဘယ်ရီသီးတစ်မျိုးဖြစ်သည်။ Gooseberry ဟုခေါ်သည့် ဗောက်သီးသည် စတော်ဘယ်ရီနှင့် ဘလူးဘယ်ရီတို့ကဲ့သို့ ဘယ်ရီသီးမျိုးနွယ်ဝင်ဖြစ်သည်။ ဗောက်သီးကို အင်္ဂလိပ်အမည် Groundcherry ဟု ခေါ်ပြီး သိပ္ပံအမည် Physalis Peruviana ဟု ခေါ်ဆိုသည်။ တခြားဒေသများ၌ Cape Gooseberry ဟုလည်း ခေါ်ဆိုကြောင်း လေ့လာသိရှိရသည်။ ဗောက်ပင်တွင် အရိုင်းနှင့်အယဉ်ဟူ၍ နှစ်မျိုးရှိသော်လည်း ပါဝင်သည့် ဗီတာမင်နှင့် အာနိသင်များတူညီကြသည်။ ဗောက်သီး၏ပုံစံမှာ အဝါရောင်စိုစိုဖြစ်ပြီး အရသာမှာ ခရမ်းချဉ်သီးအလုံးသေးများနှင့် ဆင်တူသော်လည်း ခရမ်းချဉ်သီးထက် အချိုအရသာပိုပြီး ခံတွင်းရှင်းစေသည်။ ဗောက်သီးကို စား၍ကောင်းသောကြောင့် သရေစာအနေဖြင့် စားကြသကဲ့သို့ ချိုချိုချဉ်ချဉ်အရသာရှိသောကြောင့် အချိုပွဲများ၊ ကိတ်မုန့်၊ သကြားလုံးနှင့် မုန့်များပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြသည်။

**ဗောက်သီးမှရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများ**

**ကိုယ်အလေးချိန် လျှော့ချပေးနိုင်ပြီး နှလုံးကိုကျန်းမာစေသောဗောက်သီး**

ဗောက်သီးသည် ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကို ပြေစေခြင်း၊ ဆီးချိုကိုထိန်းညှိပေးနိုင်ခြင်း၊ ကျောက်ကပ်၏လုပ်ငန်းဆောင်တာများကို တိုးမြှင့်ပေးနိုင်ခြင်း၊ ပြင်းထန်သောဝေဒနာတချို့မှ ကာကွယ်ပေးနိုင်ခြင်း၊ နှလုံးကျန်းမာသန်စွမ်းမှုကို တိုးမြှင့်ပေးခြင်းနှင့် ကိုယ်ခံအားစနစ် ကောင်းမွန်စေခြင်းတို့ကိုဖြစ်ပေါ်ရန် လုပ်ဆောင်ပေးသည်။ ကိုလက်စထရောကို ထိန်းညှိပေးပြီး နှလုံးတွင်ဖြစ်တတ်သောရောဂါများကို လျှော့ကျစေသည့်အတွက် ဗောက်သီးကို စားသုံးပေးခြင်းဖြင့် နှလုံးကျန်းမာစေသည်။ ဗောက်သီးဖျော်ရည်တွင် နှလုံး၏ လုပ်ဆောင်မှုများကို ကောင်းမွန်စေရန် အထောက်အကူပြုသည့် Phytochemical ပါဝင်သောကြောင့် နှလုံးသွေးကြောကျဉ်းရောဂါကို သက်သာစေသည်။

**ဆီးချိုကိုထိန်းညှိပေးသောဗောက်သီး**

ဗောက်သီးတွင် Fructose ကြွယ်ဝစွာပါဝင်သောကြောင့် ဆီးချိုဝေဒနာရှင်များ စားသုံးရန် အထူးသင့်လျော်သည်။ ဗောက်သီးတွင်ပါဝင်သည့် အမျှင်ဓာတ်သည် ဆီးချိုကိုထိန်းညှိပေးပြီး သွေးပေါင်ကျစေသည့်အတွက် သွေးတိုးနေသည့်အချိန်တွင် ဗောက်သီးစားသုံးပေးခြင်းဖြင့် သွေးပေါင်ကျစေသည်။

**ရောင်ရမ်းမှုကို သက်သာစေသောဗောက်သီး**

ဗောက်သီးတွင် ပိုလီဖီနောလ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သောကြောင့် ပန်းနာ၊ ရင်ကျပ်သက်သာစေသောဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အနာကျက်ဆေး၊ သန်ကျဆေး၊ ရောင်ရမ်းမှုသက်သာစေသောဆေး၊ ဝမ်းပျော့ဆေးနှင့် ဝမ်းနုတ်ဆေးများ ထုတ်လုပ်ရာတွင်အသုံးပြုသကဲ့သို့ အစာအိမ်ဝေဒနာများအတွက်လည်း အသုံးပြုနိုင်သည်။

**သွေးတိုးရောဂါနှင့် အဆုတ်ကင်ဆာကို သက်သာစေသောဗောက်သီး**

ဗောက်သီးတွင် ပိုလီဖီနောလ်နှင့် ကယ်ရိုတန္တိုက်တို့ကဲ့သို့ Phytochemical များနှင့် သွေးတိုးခြင်းကို သက်သာစေနိုင်သည့် ပိုတက်ဆီယမ်ဓာတ်သင့်တင့်မျှတစွာပါဝင်သောကြောင့် သွေးတိုးခြင်းကို ထိန်းညှိပေးနိုင်သည်။ အဆိုပါဇီဝဓာတုဒြပ်ပေါင်းများသည် ကိုလက်စထရောကို ကျဆင်းစေသည်။ ထို့ပြင် ဗောက်သီးတွင် ပါဝင်သော ပိုလီဖီနောလ်နှင့် ကယ်ရိုတန္တိုက်များကြောင့် အဆုတ်ကင်ဆာကို ကုသရာတွင် အကျိုးရှိစေနိုင်သည်။ ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်သည့် အစွမ်းသတ္တိရှိသဖြင့် ကင်ဆာကုသမှုတွင် အထောက်အကူပြုနိုင်သည်။

**"ဗောက်သီးတွင်ပါဝင်သော ဗီတာမင် -B3 ကြောင့် အရေပြားကိုနူးညံ့စေပြီး အသားအရေကို အာဟာရဖြည့်ပေးသကဲ့သို့ အစိုဓာတ်ကိုလည်း ထိန်းပေးသည်။ အရေပြားနီမြန်းမှုကို သက်သာစေနိုင်ပြီး အရေပြားအပေါ်ယံလွှာကို ကျန်းမာစေရန် အထောက်အကူပြုနိုင်သည်။ ဗီတာမင်-B3 က အသားအရေကို ရေဓာတ်ဖြည့်ပေးပြီး အရေပြားမခြောက်သွေ့စေရန် ကာကွယ်ပေးသည်. . ."**

**အမြင်အာရုံကောင်းမွန်စေပြီး အာရုံကြောပြဿနာများကို အထောက်အကူပြုစေသောဗောက်သီး**

ဗောက်သီးတွင် ဗီတာမင် – A ကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သည့် ဗီတာမင်–A ပမာဏကို လုံလောက်စွာထောက်ပံ့ပေးနိုင်သည်။ ဗီတာမင်–A သည် မျက်လုံးကိုကျန်းမာစေပြီး ရေတိမ်ဖြစ်ခြင်းနှင့် မျက်လုံးကြွက်သားများ ပျက်စီးခြင်းကို ကာကွယ်ပေးသည်။ ဗောက်သီးတွင် Free Radical များကို ထိန်းချုပ်နိုင်သည့်အစွမ်းရှိသဖြင့် အာရုံကြောဆိုင်ရာရောဂါများအပါအဝင် ရောဂါအတော်များများကို ခုခံရာတွင် အထောက်အကူပြုသည်။

**အရိုးများကို ကြံ့ခိုင်သန်စွမ်းစေပြီး ကိုယ်ခံအားစနစ်ကို တိုးမြှင့်ပေးနိုင်သောဗောက်သီး**

ဗောက်သီးတွင် အရိုးများကို ကြံ့ခိုင်သန်စွမ်းရန်လိုအပ်သော ကယ်လ်စီယမ်နှင့် ဖော့စဖရပ်စ်များစုပ်ယူမှုကို အထောက်အပံ့ပေးသည့် Pectin ပါရှိသည်။ ထို့ပြင် အမျိုးသားများတွင်ဖြစ်တတ်သည့် ဒူလာနှင့် အရေပြားနီမြန်းရောင်ရမ်းခြင်းကို ကုသရာတွင်လည်း အသုံးပြုနိုင်သည်။ ဗောက်သီးတွင် ကိုယ်ခံအားစနစ်ကို တိုးမြှင့်ပေးနိုင်သော ဗီတာမင်–C ပါဝင်သောကြောင့် ခန္ဓာကိုယ်မှလိုအပ်သည့် ဗီတာမင်–C ကို ပြည့်ဝစေပြီး ခန္ဓာကိုယ်တွင်းရှိ ကိုလက်စထရောပမာဏကို ထိန်းညှိပေးကာ အသည်းကျန်းမာရေးကို ကောင်းမွန်စေသည်။

**အအေးမိတုပ်ကွေးရောဂါကို သက်သာစေသောဗောက်သီး**

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သောဗောက်သီးသည် အအေးမိတုပ်ကွေးဖျားနာမှုများကို ကာကွယ်ပေးနိုင်သည်။ ဗောက်သီးကို တစ်နေ့နှစ်ကြိမ် ရေနွေးဖြင့် စားသုံးပေးမည်ဆိုပါက နှာခေါင်းပိတ်ခြင်းကို သက်သာစေမည်ဖြစ်သည်။

**ကျောက်ကပ်ကို ကျန်းမာစေသောဗောက်သီး**

ဗောက်သီးသည် ကိုယ်တွင်းအဆိပ်အတောက်များကိုဖယ်ရှားပေးပြီး ဆီးရွှင်စေသောကြောင့် ခန္ဓာကိုယ်တွင်းမှ ပိုလျှံနေသည့်အဆီများ၊ အငန်ဓာတ်များနှင့် ပြန်ရည်ကြောစနစ်မှ အဆိပ်အတောက်များကို ဖယ်ရှားစွန့်ထုတ်ပေးသောကြောင့် ကျောက်ကပ်ကို ကျန်းမာစေသည်။

**ဗက်တီးရီးယားများကို သေစေနိုင်သောဗောက်သီး**

ဗောက်သီးတွင်ပါဝင်သည့်ဓာတ်များက ခန္ဓာကိုယ်အတွက်အကျိုးပြုသည့် ဗက်တီးရီးယားများနှင့် အကျိုးမပြုသည့် ဗက်တီးရီးယားများကိုပါ သေစေနိုင်သည့်အစွမ်းရှိသဖြင့် အီးကိုလိုင်းဗက်တီးရီးယားအပါအဝင် ဗက်တီးရီးယားအတော်များများကို သေစေနိုင်သည်။

**အရေပြားအစိုဓာတ်ကို ထိန်းပေးပြီး အသားအရေကို တင်းရင်းစေသောဗောက်သီး**

ဗောက်သီးတွင်ပါဝင်သော ဗီတာမင်–B3 ကြောင့် အရေပြားကို နူးညံ့စေပြီး အသားအရေကို အာဟာရဖြည့်ပေးသကဲ့သို့ အစိုဓာတ်ကိုလည်း ထိန်းပေးသည်။ အရေပြားနီမြန်းမှုကို သက်သာစေနိုင်ပြီး အရေပြားအပေါ်ယံလွှာကျန်းမာစေရန် အထောက်အကူပြုနိုင်သည်။ ဗီတာမင်–B3 က အသားအရေကို ရေဓာတ်ဖြည့်ပေးပြီး အရေပြားမခြောက်သွေ့စေရန် ကာကွယ်ပေးသည်။ ထို့ပြင် ဗောက်သီးတွင် ဗီတာမင်–C ပါဝင်သောကြောင့် Collagen ထွက်ရှိအောင်လှုံ့ဆော်ပေးပြီး အသားအရေကို တင်းရင်းကျန်းမာစေသည်။ အရေပြားကိုနုပျိုစေပြီး ဝက်ခြံနှင့်ဝက်ခြံအမာရွတ်များကို သက်သာစေသကဲ့သို့ အသားအရေကြည်လင်လှပစေရန်လည်း အထောက်အကူပြုသည်။ အသက်အရွယ်ကြောင့်ဖြစ်သည့် အရေပြားပေါ်ရှိ အစက်အပြောက်များကိုလည်း သက်သာစေနိုင်သည်။

**ရေဓာတ်ဖြည့်ပေးပြီး ဆဲလ်အသစ်များဖြစ်ပေါ်စေသောဗောက်သီး**

ဗောက်သီးတွင်ပါဝင်သော အသားအရေကိုထောက်ပံ့ပေးနိုင်သည့် နောက်ထပ်အာဟာရတစ်ခုမှာ ကယ်လ်စီယမ်ဓာတ်ဖြစ်ပြီး ကယ်လ်စီယမ်ကို အရိုးနှင့်သွားများအတွက်သာ လိုအပ်သည်ဟု သိထားကြသော်လည်း ကယ်လ်စီယမ်က အရေပြားကို ရေဓာတ်ဖြည့်ပေးပြီး အဆီထွက်ရှိမှုကို ထိန်းပေးသည်။ နောက်တစ်ချက်မှာ အရေပြားဆဲလ်ဟောင်းများကို ဖယ်ရှားပေးပြီး ဆဲလ်သစ်များဖြစ်ပေါ်စေရန် အထောက်အကူပြုသည်။

**ဗောက်သီး၏ဘေးထွက်ဆိုးကျိုးများ**

မမှည့်သေးသည့် ဗောက်သီးတွင် ဓာတ်မတည့်မှုကိုဖြစ်စေနိုင်သည့် အဆိပ်ရှိသော Alkaloid အနည်းငယ်ပါဝင်သောကြောင့် ဗောက်သီးကို မမှည့်ဘဲ မစားသုံးသင့်သကဲ့သို့ ချယ်ရီသီးမျိုးရင်းဝင်၊ ဘယ်ရီသီးမျိုးရင်းဝင်အသီးများ၊ အပင်များနှင့် ဓာတ်မတည့်သူများအနေဖြင့် ဗောက်သီးမစားသုံးသင့်ဟု သိရသည်။ ထို့ပြင် ဗီတာမင်–C၊ ဗီတာမင်–A တို့နှင့် ဓာတ်မတည့်သူများအနေဖြင့်လည်း ဗောက်သီးကို လုံးဝမစားသုံးသင့်သည့်အပြင် တစ်ကြိမ်တည်းတွင် အလုံးအရေအတွက်များများ မစားသင့်ကြောင်း ပညာရှင်များက အကြံပြုထားသည်။

**ကိုယ်ဝန်ဆောင်မိခင်များ စားသင့်သောဗောက်သီး**

ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးပါကျန်းမာစေရန်အတွက် ကိုယ်ဝန်ဆောင်ချိန်တွင် တစ်ရက်လျှင် သစ်သီးတစ်မျိုးပါအောင်စားသုံးသင့်ပြီး ထိုကဲ့သို့ စားသုံးပေးသင့်သည့်အသီးများထဲတွင် ဗောက်သီးလည်း ပါဝင်သည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ဗောက်သီးကိုစားမည်ဆိုလျှင် မြေဆီလွှာတွင်ရှိနေတတ်သော ကပ်ပါးပိုးတစ်မျိုးကြောင့် ဖြစ်တတ်သည့် Toxoplasmosis ရောဂါ ဖြစ်စေနိုင်သောကြောင့် ရေဖြင့်သေချာစင်ကြယ်အောင် ဆေးကြောပြီးမှသာစားသုံးသင့်သည်။

ဗောက်သီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝစွာပါဝင်နေသောကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် အသားအရေကို ကျန်းမာစေပြီး အရေပြားပြဿနာကင်းစေရန်နှင့် အရေပြားပေါ်ရှိ အကြောပြတ်ရာများသက်သာစေရန် အထောက်အကူပြုနိုင်သည်။

အချုပ်အားဖြင့် Gooseberry ဟု ခေါ်သည့် ဗောက်သီးကို စတော်ဘယ်ရီနှင့် ဘလူးဘယ်ရီတို့ကဲ့သို့ သရေစာအဖြစ်စားနိုင်သကဲ့သို့ ဖျော်ရည်အနေဖြင့်ဖြစ်စေ၊ အချိုပွဲအနေဖြင့်ဖြစ်စေ စားသုံးနိုင်သည်။ ဗောက်သီးတွင် သံပရာသီးထက် ဗီတာမင်–C နှစ်ဆနီးပါးပါဝင်ပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝသောကြောင့် ဗောက်သီးစားသုံးပေးခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါ၊ လေဖြတ်ခြင်းနှင့် ကင်ဆာရောဂါများမဖြစ်အောင် ကာကွယ်ပေးသည်။ ဗောက်သီးတွင် အစာခြေအူလမ်းကြောင်း၏ လုပ်ဆောင်မှုများကို အဆင်ပြေချောမွေ့စေပြီး ဝမ်းမချုပ်အောင် ကာကွယ်ပေးသည့် ပျော်ဝင်လွယ်သော အမျှင်ဓာတ် Pectin ကြွယ်ဝစွာပါဝင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



ဒေါက်တာလပြည့်ခင်

# မော်လိုက်မြို့နယ်၌ နေကြာ ၅၅၆၄ ဧက ရိတ်သိမ်းပြီးစီး

**မော်လိုက် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၅၅၆၄ ဧကအထိစိုက်ပျိုးနိုင်ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ မေလ ၁၅ ရက်အထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၈ ဒသမ ၇၈ တင်းထွက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရသည်။

"မော်လိုက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ နေကြာသီးနှံ ၅၅၆၄ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိအချိန်မှာ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကိုဆောင်းမှာပဲစိုက်ကြတာပါ" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

မော်လိုက်မြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသည်။

မော်လိုက်မြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်းသိရသည်။

(၄၀၉)

# ရှမ်းမြို့နယ်၌ ပင်မှည့်သီးပင်များတိုးချဲ့စိုက်ပျိုးလာ



**ရှမ်း မေ ၁၅**

ရှမ်းမြို့နယ်၌ ပင်မှည့်သီးပင်များကို ယခင်ကဒေသမျိုးရင်းဖြစ်သော အဝါသေး၊ အညိုသေးမျိုးများကိုစိုက်ပျိုးကြသော်လည်း ယခုနောက်ပိုင်းတွင် ဈေးကွက်အခွင့်အလမ်းများကောင်းလာသော ထိုင်ဝမ်အညိုအကြီး ပင်မှည့်သီးပင်များ တိုးချဲ့စိုက်ပျိုးလာကြသည်။

အဆိုပါ ပင်မှည့်သီးပင်များသည် နွယ်ပင်အမျိုးအစားဖြစ်သောကြောင့် စင်ခံစနစ်ဖြင့် ပင်ကြား၊ တန်းကြား ကိုးပေပတ်လည်စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ ကျော်တွင် အပွင့်အသီးများစတင်လေ့ရှိ၍ ရေနှင့်မြေဆီမြေဩဇာကောင်းမွန်ပါက တစ်နှစ်ပတ်လုံးအသီးများထွက်ရှိသည်။

စိုက်ပျိုးပြီး ခြောက်နှစ်မှ ၁၀ နှစ်ကျော်အထိ ခူးဆွတ်ရောင်းချရကြောင်း၊ ပင်မှည့်သီးပင်သည် ကျန်းမာရေးအတွက်အထောက်အကူပြုစေပြီး စိုက်ပျိုးရလွယ်ကူကာ ရှမ်းဒေသ ရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းသီးနှံတစ်မျိုးဖြစ်ကြောင်း၊ အရိပ်ရပင်ဖြစ်သောကြောင့် စင်အောက်တွင် ကော်ဖီပင်ဖြင့် နှစ်သီးစားစိုက်ပျိုးလာကြကြောင်း၊ တစ်ဧကလျှင် ပျိုးပင်ပေါင်း ၆၀၀ မှ ၈၀၀ခန့်ဝင်ဆံ့ပြီး ခုနစ်ရက်တစ်ပတ်ခူးပါက ပိဿာချိန် ၅၀၀ ခန့်ထွက်ရှိကြောင်းသိရသည်။

ပင်မှည့်သီးသည် အူလမ်းကြောင်းကျန်းမာရေးအကျိုးပြုခြင်း၊ ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း၊ နှလုံးနှင့်သွေးကြောအတွက်ကောင်းခြင်း၊ စိတ်ဖိစီးမှုများမှပြေပျောက်စေခြင်း၊ ပန်းနာရင်ကျပ်အတွက် အစွမ်းထက်ခြင်း၊ ဗီတာမင်စီကြွယ်ဝခြင်း၊ ကင်ဆာရောဂါများမှ ကာကွယ်နိုင်ခြင်း၊ အိပ်ပျော်စေခြင်း၊ မျက်စိအားကောင်းစေခြင်း၊ သံဓာတ်ကြွယ်ဝခြင်း စသည့်ကောင်းကျိုးများစွာရရှိနိုင်သည်။

ထို့ကြောင့် ကျန်းမာရေးအတွက် အထောက်အကူပြုစေပြီး ဈေးကွက်အခွင့်အလမ်းများကောင်းလာသောကြောင့် ပင်မှည့်သီးပင်များကို တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

(၄၀၅)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၅-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၀၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၀၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရိုးဂုဏ်

❖ လူ့ဘုံနယ် အလည်တစ်ခေါက်
အရွယ်ရောက် ဆုံးခန်းတိုင်။
ရှင်သန်ချိန် ခဏလေးမှာလ
အတွေးမယိုင်။
ဖြူစင်သော စိတ်မဏ္ဍိုင်
ကြံ့ခိုင်လို့ ကြိုးစား။
ကိုယ်ချင်းစာ ညာတာစိတ်
ယိုဖိတ်ရှုပွား။

❖ ရိုးဂုဏ်ကို တန်ဖိုးထား
အမုန်းတရား ကင်းပါစေ။
အသိဉာဏ် နည်းမှန်လင်း
ချစ်ခြင်းမျှဝေ။
ကောက်ကျစ်စိတ် ကင်းဝေးလေ
ဘဝအခြေအနေမြင့်။
ရိုးသားသူ နေရာရတယ်
ဘဝဂုဏ်တင့်။

❖ ကောင်းခြင်းတွေ အထပ်ထပ်ဆင့်
မပြတ်လပ်သင့် လောကအလယ်။
နှလုံးရည် အစဉ်သပါမှ
မြင်ရတင့်တယ်။

❖ အတ္တ၊ မာန ရှောင်ကြဉ်ဖယ်
နောင်တွင်တကယ် အေးချမ်း။
ရိုးဂုဏ်မူ ကြံတိုးအသိရယ်ဖြင့်
အမျိုးဂုဏ်ဟူ တန်ဖိုးရှိတယ်
( အိုကွယ်.......)
မြတ်နိုးကြည့်စမ်း။ ။

**ဈာန်လေး(ပညာရေး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၂၅ (သောကြာနေ့)

၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၈။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၉။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၇:၀၀ သုတရသစုံလင်ဗဟုသုတပုံပြင်

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး

စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“အသိပေးကြေညာချက်”

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

**❍ သဘာဝဘေးအန္တရာယ်ဆိုင်ရာမှ**

အဆိုပါသဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်နှင့်ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များနှင့် လူမှုကူညီရေးအသင်းများက သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့်လျှင်ဘေးအန္တရာယ်ကြုံတွေ့ပါက ကူညီကယ်ဆယ်ရေးယာဉ်များထွက်ခွာမှု၊ အဆောက်အအုံအတွင်း ပိတ်မိနေသည့်သူများ ရှာဖွေကူညီကယ်ဆယ်နေမှု၊ ထိခိုက်ဒဏ်ရာရရှိသူများအား ဘေးကင်းရာသို့ပို့ဆောင်ခြင်းလုပ်ငန်းများနှင့် ရှေးဦးသူနာပြုနည်းစနစ်များဖြင့် ကုသပေးခြင်းလုပ်ငန်းများ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# မွေးကင်းစမှ ၅ နှစ်အထိ ပုံမှန်ကာကွယ်ဆေးထိုး / ဆေးတိုက်ကျွေးခြင်းနှင့် ပိုလီယိုကာကွယ်ဆေး ထပ်ဆောင်းတိုက်ကျွေးခြင်းပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကလေးငယ်များအား ကာကွယ်ဆေးထိုး/ဆေးတိုက်ခြင်းနှင့်ပိုလီယိုကာကွယ်ဆေး ထပ်ဆောင်းတိုက်ကျွေးစဉ်။

နေပြည်တော် မေ ၁၅

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ ၅ နှစ်အထိ ကလေးငယ်များ ကာကွယ်ဆေးထိုး/ဆေးတိုက်ခြင်းနှင့် ပိုလီယိုကာကွယ်ဆေးထပ်ဆောင်းတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့များရှိ ကလေးငယ်များနှင့် မိသားစုဝင်များ၊ နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများ/ဆေးမှူးများနှင့် သူနာပြုများ တက်ရောက်ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မန္တလေးတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ ၅ နှစ်အထိ ကလေးငယ်(၂၂၀)ဦးတို့အား နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများနှင့် ဆေးမှူးများက ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ကလေးငယ်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

**⇨ ရွှေဖုံးမှအဆက်**

လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ရှိရာ ယနေ့တွင် လာရောက်ဝယ်ယူသူ ၄၉ ဦးမှ ဘိလပ်မြေ (၂၁၀၀)အိတ်၊ (HRB-400)10mm(3.9kg)သံချောင်း (၄ ဒသမ ၅)တန်၊ (HRB-400) 16mm (11.5kg) သံချောင်း (၃ ဒသမ ၅) တန်နှင့် အထပ်သားပြား (၁၄၇)ချပ်အသီးသီးတို့အား ရောင်းချပေးနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**(၁၀၀)**



ကူမဲမြို့ရှိ လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ရောင်းချပေးစဉ်။

# သတင်းကြေညာချက်

နေပြည်တော် မေ ၁၅

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံမှ ဩဝါဒခံယူ

ရန်ကုန် မေ ၁၅

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ဝင်္ဂဘာလမ်းထောင့်ရှိ အဆိုပါဆေးရုံကြီး ရာဇဗြိုလ်မင်္ဂလာခန်းမ၌ကျင်းပသည်။



ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်သန်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားပြီး တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒေ့ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဩဝါဒကထာနှင့် အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အခမ်းအအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြကြောင်းသိရသည်။

မြဝတီ

# မြစ်ကြီးနားမြို့ပေါ်အတွင်းရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၁၅

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ပေါ်ရှိ ဆုတောင်းပြည့်ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၁၅-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၇၁၀,၀၀၀)ကျပ်** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ထုတ်ကုန်ပစ္စည်းများ၏အရည်အသွေးများ စမ်းသပ်စစ်ဆေးသည့်ကိရိယာများဖြင့် သရုပ်ပြသစစ်ဆေးခြင်းများဆောင်ရွက်ရန်မှာကြား

နေပြည်တော် မေ ၁၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်တပေါင်းကွင်း၌ သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုအခြေအနေတို့ကိုလှည့်လည်အားပေးကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းမှထုတ်လုပ်သည့် သံ၊ သံမဏိများအား ယခုကဲ့သို့ဈေးပွဲတော်များ ပြုလုပ်ရောင်းချစဉ် ထုတ်ကုန်ပစ္စည်းများ၏အရည်အသွေးများကို ပြည်သူများအား လက်တွေ့စစ်ဆေးစမ်းသပ် ဝယ်ယူနိုင်ရေးအတွက် အရည်အသွေးစမ်းသပ်စစ်ဆေးသည့် ကိရိယာများဖြင့် သရုပ်ပြသစစ်ဆေးခြင်းများဆောင်ရွက်သွားရန်၊ သံ၊ သံမဏိထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ အရည်အသွေးများအား စမ်းသပ်စစ်ဆေးရန် စက်ရုံအလိုက်ကိုယ်ပိုင်ဓာတ်ခွဲခန်းများဖြင့် စမ်းသပ်စစ်ဆေးနေသော်လည်း အရည်အသွေးအာမခံစနစ်ထူထောင်ထားရှိနိုင်ရေးနှင့် ပြည်သူများယုံကြည်စိတ်ချစွာဝယ်ယူအသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ဓာတ်ခွဲခန်းများတွင်လည်း စမ်းသပ်စစ်ဆေးသွားရန် မှာကြားသည်။

ညနေပိုင်းတွင် ငလျင်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံ၊ အိမ်ရာ၊ စက်ရုံ/အလုပ်ရုံ၊ စက်မှုဇုန်များ၊ MSME များရှိ စက်ပစ္စည်းများအတွက် ပျက်စီးမှုအမျိုးအစားနှင့်ပျက်စီးမှုပုံစံများအလိုက် ပြန်လည်အဆင့်မြှင့်တင်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် မြန်မာနိုင်ငံ စက်နှင့်စက်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက် ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်များပါဝင်သည့် SoP အားအတည်ပြုသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာများနှင့် စက်မှုဝန်ကြီးဌာနမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ တက်ရောက်သည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်ရုံ/ အလုပ်ရုံ၊ MSME တို့ရှိ စက်ပစ္စည်းများ၊ ဘွိုင်လာများ၊ လျှပ်စစ်သွယ်တန်းမှုများနှင့်ပတ်သက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေတို့ကိုပြန်လည်ပြုပြင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို စစ်ဆေးနိုင်ရေးအတွက် မြို့ပြအင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများစစ်ဆေးရေးအဖွဲ့၊ စက်နှင့် စက်ပစ္စည်းများစစ်ဆေးရေးအဖွဲ့၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ရေးအဖွဲ့တို့ကိုဖွဲ့စည်း၍ ကြီးကြပ်မှုအောက်ရှိ စက်ရုံ/အလုပ်ရုံများသို့သွားရောက်၍ စစ်ဆေးစေခဲ့ကြောင်း။

စစ်ဆေးရေးအဖွဲ့အနေဖြင့် စစ်ဆေးတွေ့ရှိခဲ့သည့် အခြေအနေများအပေါ်မူတည်၍ စက်ပစ္စည်းများကို ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်ထံ စစ်ဆေးရေးအဖွဲ့များက စက်ရုံ/ အလုပ်ရုံများအား စစ်ဆေးခဲ့မှုအခြေအနေတို့ကို တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စက်နှင့်စက်ပစ္စည်းများပြုပြင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်၌ ပါဝင်သင့်သည့်အချက်များအား Power Point ဖြင့်ရှင်းလင်းပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# (၄၅)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ၏ အထွေထွေညီလာခံသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်




ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မေလ ၁၁ ရက်မှ ၁၂ ရက် အထိ ကူဝိတ်နိုင်ငံတွင်ကျင်းပသည့် (၄၅) ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ၏ အထွေထွေညီလာခံ (45th OCA General Assembly Kuwait) သို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၄) အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့်အတူ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်မေလ ၁၁ ရက်တွင်ကျင်းပသည့် (၄၅)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီအထွေထွေညီလာခံ သို့တက်ရောက်ရာ အာရှအိုလံပစ်ကောင်စီ ဒုတိယဥက္ကဋ္ဌ Mr. Timothy Fok က အဖွင့်မိန့်ခွန်းပြောကြားပြီး ကူဝိတ်အိုလံပစ်ကော်မတီဥက္ကဋ္ဌ Sheikh Fahad Al Sabah၊ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌ Mr. Thomas Bach တို့က အမှာစကား ပြောကြားသည်။

မေလ ၁၂ ရက်တွင် အစည်းအဝေး ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် 44th OCA General Assembly အစည်းအဝေး မှတ်တမ်းအတည်ပြုခြင်း၊ အရှေ့၊ အရှေ့တောင်အာရှ၊ တောင်အာရှ၊ အာရှအလယ်ပိုင်းနှင့် အာရှအနောက်ပိုင်းအစရှိသည့် ဇုန်(၅)ဇုန်၏ သက်ဆိုင်ရာဒုတိယဥက္ကဋ္ဌများက တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့်မှတ်တမ်းများကိုအတည်ပြုခြင်း၊ ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ဥက္ကဋ္ဌ Mr.Witold Banka က တင်ပြခြင်း၊ Hangzhou 2023 Asian Games Organizing Committee၊ Harbin 2025 Asian Winter Games Organizing Committee၊ Bahrain 2025 AYG Organizing Committee၊ Aichi Nagoya 2026 AGOC နှင့် Riyadh 2026 Asian Indoor and Martial Art Games OC မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ အိုလံပစ်သွေးစည်းညီညွတ်ရေးနှင့်အမျိုးသား အိုလံပစ်ကော်မတီများအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဖြည့်စွက်တင်ပြခြင်း၊ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌများက ဆွေးနွေးတင်ပြခြင်း၊ နောက်ကျင်းပမည့် General Assembly အတွက် နေ့ရက်နှင့်နေရာကိုသတ်မှတ်ခြင်း နှင့် အထွေထွေဆွေးနွေးခြင်းများကို ပြုလုပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာ၊ အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှုများ၊ အားကစားအဖွဲ့ချုပ်များ၏ ဒိုင်နှင့် နည်းပြသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များအတွက် အာရှအားကစားအဖွဲ့ချုပ် အသီးသီးမှတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လည်းကောင်း၊ ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ စနစ်တကျ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ လေ့ကျင့်မှုနေရာများနှင့် နေထိုင်စားသောက်မှုဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေစေရေးအတွက် ထိုင်းနိုင်ငံ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ(SEAGF Council)မှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ မြဝတီ

# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ လေတပ်စခန်းများသို့ သွားရောက်လေ့လာ





ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ လေယာဉ်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။





အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ လေယာဉ်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။

နေပြည်တော် မေ ၁၅

ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။ ဦးစွာ လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင်အသုံးပြုလျက်ရှိသောလေယာဉ်များအကြောင်းကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများသည် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ရှိ Y 8 လေယာဉ်၊ F-7 လေယာဉ်၊ Beechcraft 1900D လေယာဉ်နှင့် ATR 72 လေယာဉ်များ၏စွမ်းပကားနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေသော အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ/ အုပ်ချုပ်သူ ၉၀၁ ဦးတို့သည် စခန်းပေါင်းစုံပြိုင်ပွဲများ ကျင်းပပြီးမြောက်၍ ယနေ့တွင် နေပြည်တော်လေတပ်စခန်းရှိ ပျံသန်းရေးအုပ်များသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြရာ တာဝန်ရှိသူများမှ လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# စရိတ်မျှဝေ ဆိုလာသုံးကြမယ်လေ

မောင်မောင်စွယ်စုံထွန်း

မီးခဏခဏပျက်နေလို့ အိမ်မှာ ဆိုလာစနစ်ကိုတပ်ဆင်တော့မည်ဆိုပါလျှင် သူများတပ်လို့ လိုက်တပ်တာမျိုးမလုပ်သင့်ကြပါ။ မိမိအသုံးနှင့် တွက်ချက်ပြီးမှသာ တပ်ဆင်သင့်သည်။ မိမိအသုံးထက် ပိုမိုတပ်ဆင်ထားခြင်းဖြင့် တပ်ဆင်မှုကုန်ကျစရိတ်နှင့် ဆိုလာပြားဈေးများ ပိုမိုကုန်ကျနိုင်ပြီး အသုံးမလိုပါက ပိုလျှံပြီး waste ဖြစ်သွားမည်ဖြစ်သည်။ ဤနေရာတွင် အထူးသတိရှိဖို့ရန်မှာ ဆိုလာစနစ်ကိုပဲ အထူးပြုသုံးမှာလား ။ မီးပျက်သည့်အခါပဲသုံးမှာလား။ လျှပ်စစ်မီတာခချွေတာရန်အတွက် သုံးမှာလား စသည်ဖြင့်လည်းကောင်း၊ အိမ်သုံးလား/စီးပွားရေးသုံးလား စသည်ဖြင့်လည်းကောင်း သေချာစွာစိစစ်သုံးသပ်ပြီးမှသာ လိုအပ်သည့်ဆိုလာစနစ်ကို တပ်ဆင်သင့်သည်။ ဆိုလာစနစ်တပ်ဆင်ပြီဆိုရင်တော့ မီတာခသက်သာရအောင် ဆိုလာစနစ်ကိုပဲ အထူးပြုသုံးမယ်လို့ ရည်ရွယ်ပြီးတပ်ဆင်တာက အများဆုံးဖြစ်နိုင်သည်။ မည်သည့်အတွက် ဒါကို အဓိကထားပြောနေရသလဲဆိုပါက သုံးမည့် load နှင့် သုံးမည့်နာရီကြာချိန်သည် တိုက်ရိုက်ပတ်သက်နေလို့ပဲဖြစ်သည်။ ကုန်ကျစရိတ်ကလည်း တိုက်ရိုက်ကို ထူးခြားစွာကွာသွားမှာဖြစ်သည်။ စနစ်တွေလည်းကွာသွားမည်ဖြစ်သည်။

လျှပ်စစ်၏သဘောသဘာဝကိုက သူ့ရှိနေသည့်အတိုင်း တိုက်ရိုက်သုံးရင် ကုန်ကျစရိတ်သက်သာနေပြီး ထိန်းသိမ်း storage လုပ်မည်ဆိုလျှင်တော့ ကုန်ကျစရိတ်က မြင့်တက်လာပါပြီ။ ထိုသို့ဆန်းစစ်ပြီးပါက ဆိုလာတပ်ဆင်မှုအား လေ့လာကြည့်မည်။ သာမန်အိမ်တစ်အိမ်ဖြစ်လို့ စုစုပေါင်းအသုံးက ၅၀၀၀ ဝပ် (5 kW) ရှိမည်ဟု ခန့်မှန်းတွက်ချက်ကြည့်ကြမည်။ ဤနေရာမှာ ထပ်အရေးကြီးတာက လျှပ်စစ်ပစ္စည်းတိုင်း တစ်ခုချင်းစီ၏ အသုံးပြုမည့်ကြာချိန်နာရီကို သိဖို့လိုအပ်သည်။ ဥပမာ - အဲကွန်းတစ်ကောင်ခွဲတစ်လုံးသုံးမယ်၊ ဘယ်နှနာရီသုံးနိုင်မယ်၊ မီးဖိုချောင် ထမင်းဟင်းချက်တာ လျှပ်စစ်ဘယ်နှနာရီသုံးနိုင်ခြေရှိမယ် စသည်ဖြင့်ခန့်မှန်းသိရှိထားရန် လိုအပ်သည်။ ထိုသို့ဆိုပါက အကြမ်းအားဖြင့် တွက်ချက်ကြည့်ကြမည်-

(၁) Air con - 1.5 HP * 746 Watt = 1119 Watts
Air con 1119 Watts * 10 hr = 11190 Watts
(၂) မီးဖိုချောင် 2200 Watts x 2.5 hr = 5500 Watts
(၃) မီးသီး/မီးချောင်း 4 ခု x 40 Watts x 8 hr = 1280 Watts
(၄) Socket များ - 50 Watts x 2 hr = 100 Watts
(၅) ရေခဲသေတ္တာ 75 Watts x 24 hr = 1800 Watts
(၆) ရေတင်စက် - တစ်ကောင် - တစ်လုံး =
746 Watt x 1 hr = 746 Watts

**❖ ဆိုလာစနစ် တပ်ဆင်အသုံးပြုခြင်းဖြင့် မီတာခကို စရိတ်မျှဝေသုံးစွဲနိုင်ရုံသာမက လျှပ်စစ်ကိုလည်း ချွေတာသုံးစွဲရာရောက်သဖြင့် နိုင်ငံတော်အနေဖြင့် ဆိုလာစနစ်ကျယ်ပြန့်စွာသုံးစွဲနိုင်ရေးအတွက် နည်းအမျိုးမျိုးဖြင့် ပညာပေးခြင်း၊ ဆိုလာလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ဆိုလာစနစ်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးကို ဆောင်ရွက်သွားစေသင့် . . .**

(၇)အထွေထွေ - 2000 Watts per day

သုံးမည်ဆိုပါက စုစုပေါင်းအသုံးမှာ တစ်ရက်လျှင် 22616 Watts per day ဖြစ်မည်။ ဝန်အားပိုမိုခန့်မှန်းခြင်းအားဖြင့် တစ်ရက်လုံးအသုံးပြုခြင်းသည် 25000 Watt=25 kW ဖြစ်မည်။ ထို့ကြောင့် စုစုပေါင်း



5 kW ကို တစ်နေ့ကုန်လုံးမှာ ငါးနာရီသုံးနိုင်ခြေရှိသည်ဟု ခန့်မှန်းတွက်ချက်သွားနိုင်မည်။ ထို့ကြောင့် အဆိုပါအိမ်အတွက် 5 kW power ရရှိနိုင်မည့် ဆိုလာစနစ်တပ်ဆင်ရမည်ဟုအဖြေရရှိပါလိမ့်မည်။

ဆက်လက်၍ ဆိုလာကိုရွေးချယ်သည့်အခါ သိသင့်သည့် ဆိုလာစနစ်တွေကိုတော့ အပိုင်းသုံးပိုင်းဖြင့် ရှင်းပြပေးမည်။

(၁) on-grid system (grid-tied system)ဓာတ်အားစနစ်နှင့် ချိတ်ဆက်သုံးစွဲခြင်း
(၂) grid-tied with battery backup system ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ ဘက်ထရီဖြင့် ဓာတ်အားသိုလှောင်သုံးစွဲခြင်း
(၃) off grid system ဓာတ်အားစနစ်နှင့်မချိတ်ဆက်ဘဲ သီးသန့်သုံးစွဲခြင်းတို့ဖြစ်သည်။

(၁) **On - grid system** ဆိုသည်မှာ ရိုးရိုးရှင်းရှင်းပဲပြောရရင် နေ့လယ်ပိုင်း Solar ကနေ ပါဝါရနေချိန် Solar ကနေ တိုက်ရိုက်မီးကိုယူသုံးမယ်။ မရသည့်အချိန် EPC က မီးလာသည်ကိုပဲ ယူသုံးမယ် စသည်ဖြင့်ဖြစ်သည်။ တစ်ခုအရေးကြီးတာက ဤနေရာမှာ EPC ကမီးလာမှလည်း သုံးလို့ရမှာဖြစ်ပြီး EPC မီးပျက်ရင် အလိုအလျောက်စနစ်လည်းသုံးမရပါ။ ထို့ကြောင့် on-grid ဟုခေါ်သည်။ မီတာခသက်သာရအောင် အစားထိုးသုံးသည့် အထူးစနစ်ဖြစ်သည်။ (ဥပမာ - ရေတင်တာတို့၊ မော်တာတို့၊ စက်ရုံတို့လိုနေရာမျိုးတွေအတွက် သင့်လျော်သည်။)

(၂) **Grid-tied with battery backup system** ဆိုသည်မှာ Solar ကနေ ပါဝါရနေသည့်အချိန် အားသွင်းထားမည်။ ပြီးရင် inverter ကနေ AC ထုတ်သုံးမည်။ ဤနေရာမှာ လိုချင်သည့် grid ကလည်း battery backup ကနေ ပြန်ရနေမှာဖြစ်လို့ EPC မီးပျက်လည်းသုံးနေနိုင်မှာဖြစ်သည်။ grid-tied လို့ပြောသည့်အခါ DC coupling နှင့် AC coupling ဆိုပြီး နှစ်မျိုးတွေ့ရမှာဖြစ်သည်။ ပုံမှန်အသေးစားအတွက် DC coupling system က budget အဆင်ပြေစေမှာဖြစ်သည်။ load ကြီးလာလေ များလာလေ AC coupling ကပိုပြီးအဆင်ပြေစေမှာဖြစ်သည်။ ဤနေရာမှာ ယခုခေတ်စားနေသည့် Hybrid system ဆိုတာသည် DC coupling စနစ်လို့ပြောနိုင်သည်။ hybrid inverter ထဲမှာ controller နှင့် battery inverter ပေါင်းစပ်ထည့်ထားတာဖြစ်သည်။ ပြောချင်တာက inverter ကနေဖြတ်ပြီး battery ဆီကို DC အနေနဲ့ဝင်ပြီး battery မှ inverter ဆီ ချိတ်ထားခြင်းဖြစ်သည်။ AC output ထွက်မည်။

(၃) **Off grid system** သည် grid tied စနစ်၏ သဘောသဘာဝအတိုင်းပဲဖြစ်သည်။ Off Grid ဟုခေါ်ဆိုခြင်း အဓိကအကြောင်းရင်းက electrical main supply ဖြစ်သည့် EPC မီးကို မချိတ်ထားတော့ခြင်းပဲဖြစ်သည်။ ပြောချင်တာက မီးလုံးဝမရသည့်နေရာတွေမှာသုံးသည်။ Generator မီးစက်တို့နှင့် ချိတ်ဆက်ထားတာလိုမျိုးဖြစ်သည်။ ဒါကို စနစ်လိုခေါ်တော့ Grid tied with generator ဟုခေါ်သည်။

စနစ်များအကြောင်း တီးခေါက်မိပြီဆိုပါက ဆိုလာအတွက် အခြေခံတွက်ချက်မှုအား ဆက်လက်ရှင်းလင်းမည်-

(၁) solar panels အရေအတွက် ( slope - 15-20')
(၂) inverter size
(၃) Battery size
(၄) controller size
(၅) Main cable size


အထက်ပါအချက်များကိုအခြေခံ၍ Solar panel တွက်ပြီဆိုလျှင် သူ၏ဆိုဒ်က တစ်နေ့ကုန်အသုံးကို အလုံးအရင်းအားရှိအောင် ဖန်တီးရမှာပါ။ အိမ်သုံးအနေနဲ့ ၅ ကီလိုဝပ် စုစုပေါင်းတစ်နေ့ကုန်အသုံးသည် ၂၅ ကီလိုဝပ်ဖြစ်သည်ဆိုပါစို့။ (အထက်မှာ ဖော်ပြခဲ့ပြီးသည်။) Solar panel - 550 Watts တစ်နေ့အားအဝင်ဘယ်လောက်ရှိမလဲကြည့်ရအောင် တစ်နေ့ကုန် နေ၏အပူကိုရယူနိုင်မည့်ကြာချိန်သည် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိဟုသတ်မှတ်ရင် ငါးနာရီရမည်။ ဒါကြောင့် ၅၅၀ x ၅ နာရီ = ၂၇၅၀ Watts Mono type ကိုသုံးမည်ဆို ၈၀ ရာခိုင်နှုန်းအသားတင်ရမည်ဆိုလျှင် ၂၇၅၀ x ၀.၈ = ၂၂၀၀ ဝပ်ရမည်။ တစ်နေ့ကုန် အလုံးအရင်းသုံးနိုင်ခြေ ၂၅၀၀၀ ဝပ်ဆိုပါစို့ ၂၅၀၀၀ / ၂၂၀၀ = ၁၁.၃၆~၁၂ ချပ် သုံးရမည်။ (အမြန်နည်းဆိုရင် AC- DC အချိုးလေးက ၁.၂ ပါ။ ထို့ကြောင့် ၅၀၀၀ x ၁.၂ = ၆၀၀၀ ဝပ် ထို့ကြောင့် ၅၅၀ solar panel -၁၂ ချပ် )ဟုတွက်ချက်နိုင်သည်။


လက်ရှိ မြန်မာပြည်မှာအသုံးနေကြတာများနေတာက စုစုပေါင်း load ၏ သုံးနာရီ ပျမ်းမျှယူတွက်လေ့ရှိသည်။ ယခုဆိုလျှင် ဆိုလာစနစ်သုံးကြရန်အတွက် တွက်ချက်သုံးစွဲတတ်ပြီဟု ယူဆမိသည်။ အများလုပ်လို့လိုက်လုပ်တာမဖြစ်အောင် မိမိဘာသာတွက်ချက်၍ သေချာလေ့လာပြီးမှ တပ်ဆင်သင့်ကြသည်။


အချုပ်အားဖြင့်ဆိုသော် ယခုကဲ့သို့လေ့လာတွက်ချက်ကြည့်ခြင်းဖြင့် သူများက ဆိုလာဆိုသည်နှင့် လိုက်၍ဆိုလာလုပ်နေကြသည်မျိုးမဟုတ်ဘဲ မိမိနေအိမ်၊ ရုံးဌာနအတွက် အမှန်တကယ်လိုအပ်သောပါဝါကိုတွက်ချက်၍ ဆိုလာစနစ်ကို တပ်ဆင်နိုင်ကြမည်ဟု ယူဆမိသည်။ ဆိုလာစနစ်တပ်ဆင်အသုံးပြုခြင်းဖြင့် မီတာခကို စရိတ်မျှဝေသုံးစွဲနိုင်ရုံသာမက လျှပ်စစ်ကိုလည်း ချွေတာသုံးစွဲရာရောက်သဖြင့် နိုင်ငံတော်အနေဖြင့် ဆိုလာစနစ်ကျယ်ပြန့်စွာသုံးစွဲနိုင်ရေးအတွက် နည်းအမျိုးမျိုးဖြင့် ပညာပေးခြင်း၊ ဆိုလာလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းတို့ကိုဆောင်ရွက်ပေးခြင်းဖြင့် ဆိုလာစနစ်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးကိုဆောင်ရွက်သွားစေသင့်ကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

**မိုးကြီးမည့် သတိပေးချက်**

# နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးမည်




နေပြည်တော် မေ ၁၅

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ ဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေလ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးမည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ရမည်းသင်းမြို့နယ်၏ရေမြေရာသီဥတုအရ အကောင်းဆုံးဝါသီးနှံ စိုက်ပျိုးထုတ်လုပ်သည့်ရေိယာစံပြဒေသဖြစ်အောင်ကြိုးပမ်းကြစေလို



နေပြည်တော် မေ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ မိုးကြိုချည်မျှင်ရှည်ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်များဆောင်ရွက်ထားရှိမှု၊ အောင်နိုင်တိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှုနှင့် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသခံတောင်သူများ၏ စိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ကတင်ကျေးရွာ ဝါစံပြစိုက်ခင်းနှင့်ဆည်ကြီးရွာ ရွှေတောင်-၁၀ ဝါစံပြစိုက်ခင်းတို့၌ ဒေသခံဝါစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရမည်းသင်းမြို့နယ်၏ ရေမြေရာသီဥတုအရအကောင်းဆုံးဝါသီးနှံစိုက်ပျိုးထုတ်လုပ်သည့်ရေိယာစံပြဒေသဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ တောင်သူများ ဝါမျိုးများ အသုံးပြုစိုက်ပျိုးရာတွင် ဒုတိယသားဆက်ကို ဆက်လက်စိုက်ပျိုးခြင်း မပြုအောင်ပညာပေးစေလိုကြောင်း၊ ထို့ပြင် မိမိတို့ထုတ်ဝေထားသည့် ဝါမျိုးများအား တောင်သူများ လက်ခံလာစေရေးအတွက် မျိုးမြှင့်တင်ခြင်းလုပ်ငန်းများတွင် တောင်သူများပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့် ရွှေတောင်-၈၊ ရွှေတောင်-၁၀ ဝါမျိုးများကို စနစ်တကျ မျိုးမြှင့်တင်ခြင်းဆောင်ရွက်ရန်နှင့် မျိုးလိုအပ်ချက် လွှမ်းခြုံနိုင်ရန် အခြေခံအဆင့်မျိုးစေ့ထုတ်ခြင်းနှင့်စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းအဆင့်နှစ်ဆင့်ကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကတင်ကန်အတွင်း ရေသိုလှောင်သိမ်းထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာရှိ အောင်နိုင်တိုးစပါးစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့်ဖြစ်ပေါ်ခဲ့သည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စီပင်ခြံရှိ မြေအက်ကြောင်းများ၊ ကွင်းပတ်လမ်းများ၊ မြောင်းများနေရာရွှေ့ခြင်း၊ ကျိုးပျက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာထိခိုက်မှုအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပူပိုင်းဒေသ သစ်သီးဝလံသုတေသနဗဟိုဌာန (မယ်အောင်ကန်)ခြံ၏ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများအား လူမှုဖူလုံရေးအဖွဲ့-ဘေးမခရောဂါရှာဖွေရေး ရွေ့လျားဆေးကုသယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

နေပြည်တော် မေ ၁၅

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးလက်အောက်ရှိ ပျဉ်းမနားမြို့နယ်နှင့်ဒက္ခိဏသီရိမြို့နယ်တို့မှ လူမှုဖူလုံရေးရုံးတို့တွင် လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား လူမှုဖူလုံရေးအဖွဲ့-ဘေးမခရောဂါရှာဖွေရေး ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units)ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ယာဉ်ရပ်နားဝင်း၌ ပြုလုပ်သည်။

အဆိုပါအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများမှ အာမခံဝန်ထမ်းများအား အထွေထွေကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ဆေးဝါးကုသခြင်း၊ ခါတ်ခွဲစစ်ဆေးခြင်း၊ နှလုံးအတွက် ECG စစ်ဆေးခြင်း၊ သွေးစစ်ခြင်းအပါအဝင် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့်အလုပ်သမားများအတွက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် လုပ်ငန်းခွင်ထိခိုက်မှုအကျိုးခံစားခွင့်တွင်ပါဝင်သည့် ယာယီမသန်စွမ်း၊ အမြဲတမ်းမသန်စွမ်းနှင့် ထိခိုက်မှုများအလိုက် လစာအပေါ်ပေးသွင်းထားသည့်ထည့်ဝင်ကြေး၏ ၇၀ ရာခိုင်နှုန်း၊ လူထိခိုက်မှုမရှိဘဲ အိုးအိမ်ပျက်စီးမှုများအတွက် လစာအပေါ်ပေးသွင်းထားသည့်ထည့်ဝင်ကြေး၏ ၄၀ ရာခိုင်နှုန်းနှင့် KG မှတက္ကသိုလ်အထိ ပညာသင်ကြားနေသော အာမခံဝန်ထမ်းများ၏ သား၊ သမီးများကို အဆင့်အလိုက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သွားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှုဆောင်ရွက်သည့်စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသောစာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်း လေးခန်း၊ စာချုပ်ဆေးခန်း ငါးခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှုဆောင်ရွက်သည့်စာချုပ်ဆေးခန်း သုံးခန်းတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ်စီမံချက်အနေဖြင့် လူမှုဖူလုံရေးအကျိုးဝင်အလုပ်ဌာန ၁၀၈၉ ဌာနမှ အာမခံအလုပ်သမား ၂၇၉၃၆ ဦးတို့ကို မေလ ၁၂ ရက်မှ ဇွန်လ ၃၀ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများမှ အတန်းလိုက်အောင်စာရင်းများ ထုတ်ပြန်ကြေညာ



## အုတ်တွင်း

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အခြေခံပညာဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် KG မှ Grade-11 အထိ ကျောင်းသား၊ ကျောင်းသူများ၏အောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာကျောင်းအသီးသီး၌ ထုတ်ပြန်ကြေညာလျက်ရှိသည်။

အုတ်တွင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း KG မှ Grade-11 အထိ စာမေးပွဲဖြေဆိုခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၁၅၄၇ ဦး ဖြေဆိုခဲ့ရာ အောင်စာရင်း ထုတ်ပြန်ခြင်းတွင် ရာနှုန်းပြည့်အောင်မြင်ခဲ့ကြောင်းနှင့် အခြေခံပညာကျောင်းများတွင် ထုတ်ပြန်လျက်ရှိသည့် အောင်စာရင်းများကို ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



## ငဖဲ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် KG မှ Grade-11 အထိ ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲအောင်စာရင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ ထုတ်ပြန်ကြေညာကြောင်း သိရသည်။

အောင်စာရင်းများ ထုတ်ပြန်ရာတွင် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၆၆ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုံးကျောင်း စုစုပေါင်းကျောင်းပေါင်း ၆၉ ကျောင်းတို့၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာကျောင်းများအသီးသီးတွင် တစ်ပြိုင်နက်တည်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအောင်စာရင်းကိုကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းသားမိဘများ လာရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။

**မယု(ငဖဲ)**

## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် KG မှ Grade - 11 အထိ ကျောင်းတွင်း စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းမှစပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံးတွင် ထုတ်ပြန်ကြေညာပေးထားကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသုံးကျောင်းအပါအဝင် အခြေခံပညာစာသင်ကျောင်းပေါင်း ၁၆၉ ကျောင်းတို့တွင် ဝင်ရောက်ဖြေဆိုခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ အတန်းကူးပြောင်းစာမေးပွဲအောင်စာရင်းများကို ယနေ့တွင် သက်ဆိုင်ရာအခြေခံပညာကျောင်းများအလိုက် ထုတ်ပြန်ကြေညာပေးထားရာ ရာနှုန်းပြည့်အောင်မြင်ခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများက လာရောက်ကြည့်ရှုလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပခုက္ကူ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ၂၀၂၄-၂၀၂၅ပညာသင်နှစ် KG မှ Grade-11 အထိ ကျောင်းသား၊ ကျောင်းသူများ၏စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာကြောင်း သိရသည်။

ပခုက္ကူမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအလိုက် ၂၀၂၄-၂၀၂၅ပညာသင်နှစ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများက လာရောက်ကြည့်ရှုခဲ့ကြသည်။ အဆိုပါစာမေးပွဲတွင် KG မှ Grade-11 အထိ ကျောင်းသား ၁၇၁၈၄ ဦး၊ ကျောင်းသူ ၁၈၂၁၉ ဦး စုစုပေါင်း ၃၅၄၀၃ ဦးဖြေဆိုခဲ့ကြပြီး ရာနှုန်းပြည့်အောင်မြင်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## ရန်ကင်း

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ်ရှိအခြေခံပညာသင်ကျောင်းများ၏ KG မှ Grade-11 အထိ ကျောင်းသား၊ ကျောင်းသူများ၏ အောင်စာရင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ အခြေခံပညာကျောင်းများ၌ ထုတ်ပြန်ကြေညာကြောင်း သိရသည်။

အောင်စာရင်းထုတ်ပြန်ရာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကျောင်းပေါင်း ၂၀ ကျောင်း၊ ကိုယ်ပိုင်ကျောင်း လေးကျောင်းနှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း၊ စုစုပေါင်း ကျောင်းပေါင်း ၂၅ ကျောင်းတို့၏ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်အတွက် အောင်စာရင်းများကို သက်ဆိုင်ရာကျောင်းများ အသီးသီးတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်းသိရသည်။



**လှလှထွေး(ပြန်/ဆက်)**

## ရွှေကျင်

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အတန်းလိုက်ကျောင်းတွင်းစာမေးပွဲအောင်စာရင်းများကို ယနေ့နံနက် ၆ နာရီမှစ၍ ပညာရေးမှူးရုံးနှင့် သက်ဆိုင်ရာ အခြေခံပညာကျောင်းများရှိကြော်ငြာသင်ပုန်းများတွင် ကပ်ထားကြေညာပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အောင်စာရင်းများထုတ်ပြန်ရာတွင် KG မှ Grade-11 အထိ အခြေခံပညာကျောင်းများနှင့် Grade-5 နှင့် Grade-9 စာစစ်ဌာနများတွင် အတန်းလိုက်အောင်စာရင်းများကိုထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာအခြေခံပညာကျောင်းများအလိုက် ကြော်ငြာသင်ပုန်းများတွင် ကပ်ထားကြေညာပေးထားကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



## နတ်မောက်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အခြေခံပညာအဆင့်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက် ၇ နာရီတွင် နတ်မောက်မြို့နယ်ရှိ သက်ဆိုင်ရာ ကျောင်းများအလိုက် ကြော်ငြာသင်ပုန်းများ၌ ကပ်ထားပေးရာ ကျောင်းသား၊ကျောင်းသူများ၊မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုကြသည်။

နတ်မောက်မြို့နယ်တွင် အခြေခံပညာကျောင်း ၂၁၂ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၀ ကျောင်း စုစုပေါင်း ၂၂၂ ကျောင်းရှိပြီး အဆိုပါကျောင်းများရှိ ကြော်ငြာဘုတ်များတွင် KG မှ Grade -11 အထိ အောင်စာရင်းများထုတ်ပြန်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်အုပ်ထိန်းသူများ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**လှဝင်း**

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ပူးပေါင်းဆောင်ရွက်ကြရန်မှာကြား

နေပြည်တော် မေ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့တွင်ပြုလုပ်သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရောဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရောဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက မြေစိုက်ပိုစတာအား အမွှေးနံ့သာများပက်ဖျန်းကြပြီး ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့်တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီများ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် လပွတ္တာမြို့နယ် ရေဆိုင်ကျေးရွာအုပ်စု စမ်းချောင်းကျေးရွာရှိ ကျွဲမွေးမြူရေး အသုံးချသုတေသနနှင့် မျိုးထိန်း၊ မျိုးပွားခြံသို့ရောက်ရှိပြီး ခိုင်းကျွဲများ တိုးတက်မွေးမြူ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်၊ ခိုင်းကျွဲ၊ နွား အစာထုတ်လုပ်ကျွေးမွေးခြင်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြား၍ လပွတ္တာမြို့နယ် တက်စ်ကမ်မရိန်းလပွတ္တာလီမိတက်သို့သွားရောက်ပြီး ကဏန်းပျော့မွေးမြူ ထုတ်လုပ်ပုံအဆင့်ဆင့် ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုသည်။

ဆက်လက်၍ လပွတ္တာမြို့နယ်အတွင်းရှိ အအေးခန်းစက်ရုံများနှင့် ငါး၊ ပုစွန်၊ ကဏန်း လုပ်ငန်းရှင်များက မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် စူပါရွှေကဏန်းမွေးမြူရေးလုပ်ငန်းသို့သွားရောက်၍ ကဏန်းပျော့မွေးမြူထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် လပွတ္တာမြို့နယ် ရွှေးမြစ်နှင့် ပြာမလေ့မြစ်အကြားတွင် တည်ဆောက်ရေး (၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေငန်တားတာများတည်ဆောက်ခြင်းစီမံကိန်းနှင့်မြစ်ကြိုးကြီးရေတံခါး (၆ ပေ × ၆ ပေ) လေးပေါက်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရောဝတီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)မျိုးစေ့များနှင့်မျိုးစေ့ချကိရိယာ (Drum Seeder)များ ပေးအပ်သည်။

ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းတည်ဆောက်မည့် မြေနေရာအတွက် မြေပေးမိန့်ကို လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကပေးအပ်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက လက်ခံရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားကာ ဒုံးယိမ်းအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များပြုပြင်မွမ်းမံရေးလုပ်ငန်း ဆောင်ရွက်



နေပြည်တော် မေ ၁၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အရှေ့ဘက်ရင်ပြင်တော်တက်လမ်း ယာယီအာရုံခံတန်ဆောင်း၌ မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်ထိခိုက်ပျက်စီးခဲ့မှုများ၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ဥပ္ပါတသန္တိစေတီတော်ပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီအနေဖြင့် ရင်ပြင်တော် ကျောက်ပြားများ ဖယ်ရှားခြင်း၊ ဆယ်တင်ခြင်း၊ စုပုံခြင်းလုပ်ငန်းများကို အလေးထားကြိုးကြပ်သွားရန်၊ ခေတ်လှေကားများပြန်လည်တပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန်၊ ရင်ပြင်တော် အရှေ့မြောက်ထောင့်ရှိ ဆုတောင်းပြည့်စေတီတော် ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန်၊ ရင်ပြင်တော်ပေါ်ရှိ ပေ ၇၀ x ပေ ၁၄၀ ရှိ ဓမ္မာရုံအား ဖျက်သိမ်းသွားရန်၊ စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၊ ပိဋကတ်ပြတိုက်၊ သံဃာရာမကျောင်းဆောင်များအား ပြင်ဆင်နိုင်ရေး ဆောင်ရွက်နိုင်ရန်နှင့် စေတီတော်ကြီး ပြုပြင်မွမ်းမံနိုင်ရေးအတွက် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေများရရှိနိုင်ရေး စီမံဆောင်ရွက်ထားရှိသွားရန်နှင့် ပြုပြင်မွမ်းမံနိုင်ရေးဆောင်ရွက်နေမှု နောက်ဆုံးအခြေအနေများကို အစဉ်မပြတ်တင်ပြသွားရန် မှာကြားသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁) ဦးထွန်းထွန်းက စက်ယန္တရားများဖြင့် ရင်ပြင်တော်ပေါ်တွင် ဆောင်ရွက်နေမှုအခြေအနေများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိက ယနေ့ထိ စစ်သည်အင်အား ၁၀၀၀ ဖြင့် ကျောက်ပြားများခွာယူဆယ်တင်ခြင်း၊ စုပုံခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ အနောက်တောင် ခေတ်လှေကားစက်များကို ဖျက်သိမ်းပြီး အရှေ့တောင်ခေတ်လှေကားနှင့်ပေါင်းစပ်၍ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၁) ဦးခင်မောင်လတ်က ရင်ပြင်တော်အရှေ့မြောက်ဘက်မှ ပေ ၆၄၀ အရှည်ရှိသော ရင်ပြင်တော်တက်လမ်း ဖောက်လုပ်လျက်ရှိမှု၊ စက်သုံးဆီ လိုအပ်မှုများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယန္တရားများဖြင့် ရင်ပြင်တော်တက်လမ်း ဖောက်လုပ်နေမှုကို လိုက်လံကြည့်ရှုပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်ထိခိုက်ပျက်စီးခဲ့မှုများ၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ကော့မှူးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မေလ ၁၅ ရက်တွင် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ စာအုပ်စာပေများကို ချစ်မြတ်နိုးပြီး စာပေဖတ်ရှုလိုစိတ် ဖြစ်ပေါ်စေရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်မြတ်သူက လူငယ်များစာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး စာကြည့်တိုက်သို့ လာရောက်၍ စာအုပ်စာပေများ လေ့လာဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ယခုကဲ့သို့ စာပေနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စကားပုံဆက်ပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က အမှတ်တရလက်ဆောင်များပေးအပ်သည်။ ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပရက် ပြောင်းလဲသတ်မှတ်

နေပြည်တော် မေ ၁၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇)ကြိမ်မြောက်တိပိဋကဓရတိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၂၅ ခုနှစ် မေလ ၂၀ ရက်**(အစား)** ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၂၅ ခုနှစ်မေလ ၂၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပဉ္စင်းသံဃာ ၃၁ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရတိပိဋကကောဝိဒ ၁ ပါး၊ ဒီဃနိကာယကောဝိဒ ၂ ပါး၊ ဒီဃဘာဏက ၁၁ ပါး၊ ဝိနယကောဝိဒ ၁ ပါး၊ ဝိနယဓရ ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၇ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး၊ စာအောင်သံဃာ ၉၇ ပါး တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀ ၅၆၀၇၄၉၀၊ ၀၉-၄၃၀၆၇၁၆၈ သို့ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြဝတီ

# ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဖိုရမ်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၅

ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း (Rebuilding Myanmar : Post-Earthquake Economic Recovery) ဖိုရမ်ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးငလျင်ကြီး ခံစားရပြီးနောက်ပိုင်း မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် မတ်လအတွင်းက နိုင်ငံတော်အဆင့် ဖိုရမ်တစ်ခုကို နိုင်ငံတကာပညာရှင်များအပါအဝင် ပြည်တွင်းပညာရှင်များဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုဖိုရမ်မှလည်း နိုင်ငံတော်အတွက် ကောင်းမွန်သည့် ရလဒ်များရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မန္တလေးငလျင်ဖြစ်ပွားခဲ့သည့်အတွက် အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကအဆောက်အအုံများ ပျက်စီးခဲ့ပြီး စီးပွားရေးနှင့် ပတ်သက်၍ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ထုတ်လုပ်ရေးကဏ္ဍတို့တွင်လည်း ပျက်စီးမှုများ ရှိခဲ့ကြောင်း၊ ယခုဖိုရမ်ကျင်းပခြင်းဖြင့် စီးပွားရေးကဏ္ဍအပါအဝင် ကဏ္ဍအချို့ကို ယခုကျင်းပမည့် ဖိုရမ်မှ ထွက်ပေါ်လာသည့် ရလဒ်များက အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က ဖိုရမ်ကျင်းပရေးနှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်၊ ဆွေးနွေးမည့် ခေါင်းစဉ်များ၊ တက်ရောက်ဆွေးနွေးမည့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားသွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်၊ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို၊ ဒါရိုက်တာ ဒေါက်တာဇော်ဦး၊ ဒေါ်ခိုင်ခိုင်နွယ်တို့က ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ ဖိုရမ်တွင် မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ၊ စီးပွားရေး ပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ စီးပွားရေးပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း ဟူသည့် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများအား ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေးပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအား သိရှိနိုင်စေရန်၊ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေနှင့် ပထဝီစီးပွားရေး အခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းပေါင်းစည်းမြင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဖိုရမ်သို့ စိတ်ပါဝင်စားသူမည်သူမဆို ပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို၊ ဒါရိုက်တာ ဒေါက်တာဇော်ဦး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းက Video Conferencing ဖြင့် တက်ရောက်ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ




နေပြည်တော် မေ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း၊ မြို့မဈေးအနီးနှင့် ရေပန်းဥယျာဉ်မုခ်ဦးအနီး၌ သီးခြားစီကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ကောင်စီနယ်မြေ ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သည့် ကျောင်းဆောင်များ၏ ပြုပြင်တည်ဆောက်နေမှုအခြေအနေများ၊ ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်ချိန်အမီ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေ၊ မီး ရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်စင်ခန်းများတည်ဆောက်ရေး၊ ကျောင်းဥပစာရိပ် ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးတို့အတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအားမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းများအားလုံးတွင် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ သတ်မှတ်ထားသည်ဖြစ်ရာ စနစ်တကျကြိုတင်ပြင်ဆင်ထားကြရန်လိုကြောင်း ပြောကြားပြီး ကျောင်းအပ်နှံရေးအတွက် ပြင်ဆင်ထားရှိမှု အခြေအနေ၊ ကျောင်းများပြန်လည် ဖွင့်လှစ်ရာတွင် ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းဥပစာရိပ်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# His Holiness Patriarch of the Russian Orthodox Church in Moscow and across Russia sends message of condolence to Myanmar's Head of State

NAY PYI TAW May 15

Due to the severe damage, loss of life, and numerous injuries caused by the powerful earthquake that struck Mandalay in Myanmar, Kirill, the His Holiness Patriarch of the Russian Orthodox Church in Moscow and across Russia, sent a letter of condolence to Chairman of the State Administration Council Prime Minister of Myanmar Senior General Min Aung Hlaing.

The message expresses deep sorrow upon hearing the news of the earthquake in Myanmar. It conveys heartfelt sympathy for the loss of lives and the suffering endured by many people due to the natural disaster, as well as the damage to the country's infrastructure. It also extends sincere wishes and prayers for strength and recovery to those affected by the earthquake.

**100**

**His Excellency,**
**Mr Min Aung Hlaing,**
**Prime Minister,**
**Republic of the Union of Myanmar,**
**Your Excellency,**
**Dear Mr Prime Minister,**

It was with sorrow that I learned of the earthquake which had hit Myanmar. The natural disaster resulted in the death and suffering of a great many people and inflicted damage on the country's infrastructure.

Offering my heartfelt commiseration to you and all the people of the Republic, I pray that those affected by the tragedy may find fortitude and strength.

With condolences,

**+Kirill**
**Patriarch of Moscow and All Russia**
**28 March 2025**

# Yinmabin District completes harvest of more than 80,000 acres of sunflower

YINMABIN May 15

Local farmers have harvested 83,682 acres of winter sunflower in Yinmabin District of Sagaing Region, according to the district Agriculture Department.



In Yinmabin District, during the winter crop planting season, sunflower crops were planted on 83,682 acres. These sunflower fields, which were planted, began to be harvested starting in January of this year. As of today, 100 percent of the sunflower plantations have been harvested, and the yield is reported to be 28.14 viss per acre.

"In Yinmabin District, during the winter crop season, sunflowers were planted on up to 83,682 acres. The harvested sunflower fields have now been fully cleared across all acres. There is potential to expand the cultivation beyond the projected acres. To reduce reliance on imported palm oil, the district has expanded the cultivation of oilseed crops such as sunflowers. Sunflowers produce more oil per acre compared to other crops like beans and sesame. Most sunflower crops are grown in the winter season," said Daw Myat Moe Win, Head of the Agriculture Department in Yinmabin District.

In Yinmabin District, sunflower harvesting has been completed in various townships: 18,561 acres in Yinmabin Township, 16,897 acres in Kani Township, 17,242 acres in Salingyi Township, and 30,982 acres in Pale Township, totalling 83,682 acres.

To expand sunflower cultivation in Yinmabin District, the respective township agricultural departments have been conducting intensive training programs for farmers and staff. These programs are aimed at improving the performance of both farmers and their crops. Additionally, this year, measures have been taken to provide sunflower seeds to farmers, enable the sale of locally produced sunflower oil at competitive prices, and distribute newly developed sunflower varieties to farmers through a farmer-to-farmer exchange system.

**SK**

# All acres of lablab bean reaped in Myaung Township

MYAUNG May 15

Statistics of Sagaing District Agriculture Department disclosed that all sown acreage of lablab bean has been harvested in Myaung Township of Sagaing Region.

During the winter crop season in Myaung Township, up to 1,461 acres of lablab beans were cultivated. Harvesting of these bean fields began in January this year and, as of now, 100 percent of the sown acreage of the beans has been fully harvested. The average yield was reported to be 15.26 baskets per acre.

"The total cultivated area of lablab beans during the winter crop season in Myaung Township reached 1,461 acres. As of now, all of the fields have been fully harvested. To ensure high yield and good quality of the crops, quality seeds, inputs, and post-harvest technologies were provided to farmers in collaboration with relevant farmers," said Daw Thida Lwin, Head of the Sagaing District Agriculture Department.

In Myaung Township, the Agriculture Department has been conducting farmer awareness lablab bean farmers to help them expand their cultivated areas, improve yield rates, adopt GAP (Good Agricultural Practices) methods, and use high-quality and high-yielding seed varieties.

It is known that crops cultivated using GAP methods are of better quality than those grown using other methods. They fetch higher prices and can be sold not only in the domestic market but also in international markets due to their superior quality. Therefore, farmers who adopt GAP practices tend to gain greater economic benefits.

**SMK**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# More than 4,000 acres of green gram harvested in Wetlet Township

WETLET May 15

According to the statistics of Wetlet Township Agriculture Department, local farmers have harvested 4,550 acres of green gram in the township of Sagaing Region.

During the winter crop planting season in Wetlet Township, green gram was cultivated on up to 4,550 acres of croplands. The harvested green gram fields have now been fully reaped since harvesting began in January this year, yielding an average of 18.50 baskets per acre.

Daw Kyin San, Head of Wetlet Township Agriculture Department stated, "A total of 4,550 acres of green gram was planted this season, and harvesting has now been fully completed. There will be educational initiatives to expand cultivation and promote the use of high-quality seeds to improve yields."

The Wetlet Township Agriculture Department has provided farmers with knowledge and support on selecting region-appropriate, high-quality seeds, following proper planting methods, preventing pest infestations, applying fertilizers correctly, and maximizing crop yields.

During this winter crop season, various types of beans were cultivated, and efforts were made in collaboration with farmers to ensure high productivity and quality. This included providing necessary high-quality seeds, fertilizers, and post-harvest techniques.

**SMK**

# More than 5,000 acres of maize and sweet corns harvested in Phaungpyin Township

PHAUNGPYIN May 15

According to records from the Mawlaik District Department of Agriculture, a total of 5,411 acres of maize and sweet corn have been harvested in Phaungpyin Township, Sagaing Region.

During the winter cropping season in Phaungpyin Township, 5,411 acres of maize and sweet corn were cultivated. Harvesting began in January this year, and as of now, all acres have been fully harvested. The yields recorded are 800 acres of maize, producing 48.82 baskets per acre, and 4,611 acres of sweet corn, producing over 19,000 cobs per acre.

"The winter cropping season in Phaungpyin Township allowed us to cultivate a total of 5,411 acres of maize and sweet corn. Currently, all these fields have been fully harvested. To ensure successful maize production, we have provided educational programmess and preventive measures against pests and diseases," said Daw Kywe Kywe Hlaing, the head of the Mawlaik District Agriculture Department.

The Township Agriculture Department has conducted training sessions, field demonstrations, and awareness programs on pest control for farmers cultivating grain maize and sweet corn in Phaungpyin Township. These programs include early prevention of the pests, integrated pest management techniques, and the proper use of pesticides for crops such as sesame, ginger, and chili.

In terms of yield and expenses, grain maize production in Phaungpyin Township yields over 50 baskets per acre, with a cultivation cost of around Ks-500,000 per acre. Meanwhile, sweet corn production yields approximately 15,000 cobs per acre, with a cultivation cost exceeding Ks-500,000 per acre. **SMK**

# Farmers harvest more than 5,000 acres of peanut in ChaungU Township

CHAUNGU May 15

According to records from the ChaungU Township Department of Agriculture, the harvesting of 5,950 acres of peanuts planted during the winter cropping season has been completed in ChaungU Township, Sagaing Region.

During the winter cropping season, up to 5,950 acres of peanuts were cultivated in ChaungU Township. The harvesting of these peanut fields began in January of this year, and as of today, 100 per cent of the cultivated area has been harvested. The yield per acre was recorded at 62.86 baskets.

"The winter cropping season in ChaungU Township saw peanut cultivation reaching up to 5,950 acres. At present, all the cultivated fields have been completely harvested. The planting area exceeded initial estimates, and peanut farming has been successful," said U Tint Swe, Head of the ChaungU Township Department of Agriculture.

In ChaungU Township, approximately 1.5 baskets of seeds are required per acre for peanut cultivation. The total production cost per acre, including seed expenses, labor costs, fertilizers, and pesticides, exceeds Ks-200,000. The average yield per acre is reported to be over 50 baskets.

To ensure successful peanut farming, prevent pest and disease infestations, and maintain weed-free fields, officials from the Township Department of Agriculture conducted field inspections and recorded monitoring reports.

**SK**

# Putin thanks Brazil, China's leaders for desire to help resolve Ukraine conflict

MOSCOW May 15

Russian President Vladimir Putin and Brazilian President Luiz Inacio Lula da Silva held a phone call during a technical stop of a Brazilian government plane in Moscow on its way from China.

Russian President Vladimir Putin and Brazilian President Luiz Inacio Lula da Silva held a phone call during a technical stop of a Brazilian government plane in Moscow on its way from China, and the Russian leader expressed gratitude to the leadership of Brazil and China for their desire to contribute to the settlement of the conflict in Ukraine, the Kremlin said on Tuesday.

"Vladimir Putin expressed gratitude to the leadership of Brazil and China for their sincere desire to make a constructive contribution to finding ways to resolve the [Ukraine] conflict," the Kremlin said.

Silva told Putin that he intended to do everything possible to promote the success of direct talks between Russia and Ukraine on May 15 in Istanbul, the statement said, adding that the leaders confirmed their commitment to developing the Russian-Brazilian strategic partnership.



**Sputnik**

# Pakistan, India agree to extend ceasefire until May 18: Pakistani FM

ISLAMABAD May 15

Pakistan and India held talks on Thursday and agreed to extend the ongoing ceasefire until May 18, Pakistani Deputy Prime Minister and Foreign Minister Ishaq Dar said.

Addressing the parliament, Dar said that the militaries of both countries communicated earlier in the day and reached the decision to prolong the ceasefire, with plans to follow up with political dialogue.



"The ceasefire was initially agreed upon on May 10 to last until May 12. It was later extended to May 14, and now further extended to May 18," he told lawmakers.

Dar added that military-level communication has so far been instrumental in maintaining the ceasefire and after May 18, comprehensive political talks would begin.

"There will be composite and result-oriented talks with India. The purpose is not to accept anyone's superiority but to resolve issues on the basis of equality," the foreign minister said.

Tensions escalated in the early hours of May 7 when India launched airstrikes on several targets in Pakistan in response to a gun attack in Pahalgam, located in the Indian-controlled Kashmir, where 26 civilians were killed by unidentified gunmen last month.

Following several days of fierce fighting, both sides agreed on a ceasefire on May 10, which was subsequently extended in phases.

**Xinhua**

# 35 killed, 6 injured in violent clashes in Chad

YAOUNDE May 15

At least 35 people have been killed and six others injured in violent clashes in Chad, government spokesman Gassim Cherif Mahamat said on Thursday.

Mahamat noted in a statement that the clashes erupted on Wednesday in Mandakao Village, located in the Logone Occidental Province.

According to the statement, local authorities and security forces had taken measures to restore order.

"The government condemns these barbaric acts in the strongest possible terms and informs that all necessary measures are being taken to identify, track down, and bring the perpetrators and accomplices to justice," Mahamat said.

He did not name those involved in the fighting.

**Xinhua**

# 21 killed in Mexico highway crash

MEXICO CITY May 15

At least 21 people have been killed Wednesday in a major highway accident in Mexico's central-eastern state of Puebla, local authorities said.

The tragedy involved three vehicles, and an unspecified number of other people were being treated for injuries, Puebla Interior Minister Samuel Aguilar said in a post on the social platform X.

The crash occurred on Wednesday morning at kilometer 31 of the Cuacnopalan-Oaxaca highway. Ambulances and other emergency services are working at the scene.

Local media reported that a fatal collision occurred when a truck attempted to overtake another vehicle before crossing into the opposite lane and hitting a bus, then crashing head-on into a transport van.

**Xinhua**



# Russia ready for ‘possible compromises’ –Putin aide

MOSCOW May 15

Moscow is ready for dialogue as well as potential compromises in direct negotiations with Kiev, Russian presidential aide Vladimir Medinsky has said. Medinsky is leading Moscow’s delegation for planned peace talks in Istanbul on Thursday.

Russia and Ukraine have both sent delegations to Türkiye after Russian President Vladimir Putin last week offered to resume direct dialogue to find a lasting settlement to the Ukraine conflict.

“We are ready for a discussion and resumption of the Istanbul talks. We are ready for possible compromises,” Medinsky told journalists in Istanbul, while still waiting for the talks to commence.

“We are in a working mood,” the presidential aide added, noting that the delegation includes “senior officials from all the relevant governmental agencies.”

Apart from Medinsky himself, the Russian team also includes Deputy Foreign Minister Mikhail Galuzin, Deputy Defence Minister Aleksandr Fomin and the head of Russia’s military intelligence, Igor Kostyukov.

Ukraine’s Vladimir Zelensky had previously ruled out talks with Moscow unless a 30-day ceasefire was agreed first, but changed his stance following US President Donald Trump’s announcement of his support for negotiations. According to the Ukrainian leader, Kiev’s team would be led by Defence Minister Rustem Umerov.

Zelensky, who has traveled to Türkiye personally, insisted he would only speak with Putin directly, but has reportedly decided to send a Ukrainian delegation for talks with the Russian team. According to the Ukrainian leader, Kiev’s team would be led by Defence Minister Rustem Umerov.

Putin has no plans to travel to Türkiye, according to the Kremlin.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The Impact of Social Media on Youth: Navigating the Digital World




### Introduction

Social media is a big part of youth culture, offering both opportunities and challenges. Imagine using social media not just to connect with friends, but to learn, grow, and express yourself creatively. This article explores how social media impacts youth and provides tips for navigating the digital world responsibly.

### Positive Effects of Social Media

Social media helps youth stay connected with friends and family. A Pew Research study found that 81 percent of teens feel more connected to their friends through social media. It offers educational resources, like online courses and study groups, and is a platform for creativity, where youth can share their talents and passions.

Consider Emily, a high school student who uses Instagram to showcase her photography. Through social media, she connected with professional photographers who provided feedback and mentorship, helping her improve her skills.

### Negative Effects of Social Media

However, social media can also have downsides. Cyberbullying and online harassment are significant issues. A study found that 34 percent of students experienced cyberbullying. Social media can exacerbate mental health issues like anxiety, depression, and FOMO (fear of missing out). The APA reports that more social media use correlates with higher rates of mental health issues. Excessive screen time can also lead to addiction, affecting physical health and school performance.

Take Jake, who found himself constantly comparing his life to others on social media. This led to feelings of inadequacy and depression. By taking a break from social media and focusing on real-life connections, Jake was able to improve his mental health.

### Social Media and Identity Formation

Social media plays a crucial role in identity formation. It can boost self-esteem through positive interactions but also negatively impact body image and self-worth due to unrealistic beauty standards. A study found that exposure to idealized images on social media can lead to body dissatisfaction. Developing digital literacy and critical thinking skills is essential for navigating these challenges.




Sarah's story is a good example. She struggled with body image issues due to the perfect images she saw on social media. By following body-positive accounts and learning about digital manipulation, Sarah developed a healthier self-image.

### Privacy and Safety

Protecting personal information online is crucial. Only 40 percent of teens use privacy settings on social media. Understanding data usage and recognizing online predators are critical components of staying safe online. The FBI reported a rise in online exploitation cases involving minors, highlighting the need for awareness and caution.

Consider Mia, who learned the importance of privacy settings after a stranger tried to contact her. She adjusted her settings to be more private and shared her experience with friends, promoting safer online practices.

### Balancing Online and Offline Life

Maintaining a healthy balance between online and offline life is crucial. The American Academy of Pediatrics recommends limiting screen time to less than two hours per day. Strategies for reducing screen time include setting limits and prioritizing offline activities. Encouraging physical activities, hobbies, and face-to-face interactions promotes well-being.

Think about Alex, who realized he was spending too much time online. He set daily limits on his screen time and took up hiking. The physical activity and time spent in nature significantly improved his mood and overall well-being.




### Parental and Educational Roles

Parents and educators play key roles in guiding responsible social media use. Studies show that teens who discuss online activities with parents make safer choices. Schools can implement digital citizenship programs, teaching students about the ethical and safe use of technology.

For instance, Lucy's school started a digital literacy program that taught students about online safety and responsible use. Lucy found the program helpful and shared what she learned with her younger siblings.

### Conclusion

Social media's impact on youth is complex. By promoting mindful use and fostering digital literacy, youth can navigate the digital world effectively. Remember, you have the power to control your online experience. Use social media as a tool to enrich your life, and stay balanced by engaging in meaningful offline activities. With support from parents and educators, you can create a balanced and safe online environment that supports healthy development. Encouraging responsible use and open communication maximizes the benefits and minimizes the risks of social media.

**YTM**

# လျှပ်စစ်စွမ်းအင်လည်းသုံးတယ်... မောင်းသူလည်းမဲ့တယ်... ကမ္ဘာ့အကြီးဆုံးလည်းဖြစ်တဲ့ သတ္တုတွင်းလုပ်ငန်းသုံးယာဉ်စုကိုအသုံးပြုလာတဲ့ တရုတ်



တရုတ်နိုင်ငံကမောင်းသူမဲ့နည်းပညာပိုင်းမှာ ခေတ်ရှေ့ကိုတော်တော်လေးရောက်လာနေတဲ့ နိုင်ငံတစ်ခုလို့ဆိုနိုင်ပါတယ်။ အခုဆိုရင်တရုတ်နိုင်ငံရဲ့ စွမ်းအင်ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ ဟွာနန်အုပ်စုက လျှပ်စစ်စွမ်းအင်အသုံးပြုထားရုံသာမက မောင်းသူမဲ့လည်းဖြစ်တဲ့ ကမ္ဘာ့အကြီးဆုံးသောသတ္တုတွင်းလုပ်ငန်းသုံးယာဉ်စုကို အတွင်းပိုင်းမွန်ဂိုလီးယားဒေသမှာ စတင်အသုံးပြုလိုက်ပါပြီ။ အဲဒီလုပ်ငန်းသုံးယာဉ်စုမှာ ယာဉ်အစီးရေ ၁၀၀ အထိပါဝင်ပါတယ်။ ဒီလုပ်ငန်းသုံးယာဉ်တွေမှာ ဟွားဝေနည်းပညာကုမ္ပဏီရဲ့ မောင်းသူမဲ့စနစ်များကို တပ်ဆင်အသုံးပြုထားတာပါ။ ဒီလိုမျိုးစနစ်ပါဝင်တဲ့ ကမ္ဘာ့အကြီးဆုံးသောယာဉ်စုကိုထုတ်ဖော်ပြသလိုက်ခြင်းဟာ တရုတ်နိုင်ငံအနေနဲ့ သမားရိုးကျစက်မှုလုပ်ငန်းတွေကို ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲမှုဆီ အရှိန်အဟုန်နဲ့ရောက်ရှိလာပြီဖြစ်တဲ့အကြောင်း ဖော်ညွှန်းပြသနေတာဖြစ်တယ်လို့ဆိုနိုင်ပါတယ်။

ဒါ့အပြင် ဒီလုပ်ငန်းသုံးယာဉ်တွေက အဆင့်မြင့်နည်းပညာတွေပိုမိုတိုးတက်လာနေပြီဆိုတာရဲ့ ပြယုဂ်တစ်ခုလည်းဖြစ်ပါတယ်။ အဲဒီနည်းပညာတွေထဲမှာ 5G-A ဆက်သွယ်ရေး၊ ဉာဏ်ရည်တုနည်းပညာ (AI)၊ မျှဝေတွက်ချက်မှုစနစ်များ၊ စမတ်ဘက်ထရီလဲလှယ်မှုစနစ်နဲ့ တိကျမှုမြင့်မားတဲ့မြေပုံစနစ်များပါဝင်ပါတယ်။ အခုလိုမျိုး စီမံကိန်းကိုအကောင်အထည်ဖော်ရခြင်းဟာ တရုတ်တာဝန်ရှိသူများသာမက ဆိပ်ကမ်းတာဝန်ရှိသူများမှသည် ကျောက်မီးသွေးတွင်းလုပ်ငန်းရှင်များအထိပါဝင်တဲ့အုပ်စုကြီးရဲ့ တွန်းအားပေးမှုကြောင့်ဖြစ်ပါတယ်။

အခုအသုံးပြုလိုက်တဲ့ လုပ်ငန်းသုံးယာဉ်တွေက သတ္တုတွင်းပစ္စည်းတွေတင်ခြင်း၊ ချခြင်းကိုကိုယ့်ဘာသာကိုယ်လုပ်ဆောင်နိုင်စွမ်းရှိပါတယ်။ ဒါ့အပြင် ရာသီဥတုပြင်းထန်တဲ့ပတ်ဝန်းကျင်တွေမှာလည်း လုပ်ငန်းတာဝန်များကိုထမ်းဆောင်နိုင်ပါတယ်။ ဒီလိုမျိုးယာဉ်တွေကိုအသုံးပြုခြင်းက လူမောင်းလုပ်ငန်းသုံးယာဉ်တွေကိုအသုံးပြုခြင်းထက် သယ်ယူပို့ဆောင်ရာမှာ ၂၀ ရာခိုင်နှုန်းပိုမိုတိုးတက်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။

အခုလုပ်ငန်းသုံးယာဉ်တွေမှာအသုံးပြုထားတဲ့ ဆက်သွယ်ရေးနည်းပညာက သာမန် 5G ဆက်သွယ်ရေးစနစ်ထက်မြင့်မားတဲ့ 5.5G သို့မဟုတ် အဆင့်မြင့် 5G နည်းပညာဖြစ်ပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်က အလွန်မြန်ဆန်တဲ့အမြန်နှုန်းနဲ့ လုပ်ဆောင်နိုင်ခြင်းဖြစ်ပြီး ဒေါင်းလုတ်အတွက်အမြန်နှုန်းက တစ်စက္ကန့်ကို ၁၀ ဂစ်ဂါဘစ်နဲ့ အပ်လုတ်အတွက်အမြန်နှုန်းက တစ်စက္ကန့်ကို ၁ ဂစ်ဂါဘစ်ရှိပါတယ်။

လက်ရှိထုတ်ဖော်မိတ်ဆက်လိုက်တဲ့ မောင်းသူမဲ့လုပ်ငန်းသုံးယာဉ်စုက ပထမအဆင့်ပဲရှိပါသေးတယ်။ လာမယ့်သုံးနှစ်အတွင်း ယီမင်းကျောက်မီးသွေးတွင်းမှာ အဲဒီလိုမျိုးယာဉ်အစီးရေ ၃၀၀ အထိအသုံးပြုသွားဖို့စီစဉ်ထားတယ်လို့ ဟွားဝေကုမ္ပဏီမှမားကတ်တင်း ဒုတိယဥက္ကဋ္ဌကပြောပါတယ်။ ဒါ့အပြင်တရုတ်အမျိုးသားကျောက်မီးသွေးအဖွဲ့အစည်းရဲ့ ခန့်မှန်းချက်အရဆိုရင် ဒီနှစ်အကုန်ပိုင်းမှာ နိုင်ငံတစ်ဝန်း၌ မောင်းသူမဲ့လုပ်ငန်းသုံးယာဉ်အစီးရေ ၅၀၀၀ အထိရှိလာနိုင်ပြီး ၂၀၂၆ ခုနှစ်မှာတော့ အစီးရေ ၁၀၀၀၀ အထိရှိလာနိုင်တယ်လို့ဆိုပါတယ်။ တရုတ်နိုင်ငံမှာ ကျောက်မီးသွေးတွင်းပေါင်း ၄၃၀၀ ခန့်ရှိကာ ပြီးခဲ့တဲ့နှစ်အတွင်း ကမ္ဘာပေါ်မှာကျောက်မီးသွေးအများဆုံးထုတ်လုပ်သူအဖြစ်ရပ်တည်နေပါတယ်။ Ref: SCMP

K.H

# ဟိုက်ဒရိုဂျင်-လျှပ်စစ်စွမ်းအင်သုံး ကုန်တင်လေယာဉ်များအသုံးပြုလာမယ့် ဗြိတိန်နိုင်ငံ




ဟိုက်ဒရိုဂျင်စွမ်းအင်သုံး လေယာဉ်များကို ထုတ်လုပ်နေတဲ့ ZeroAvia ကုမ္ပဏီက ကာဗွန်ထုတ်လွှတ်မှုလုံးဝမရှိတဲ့လေယာဉ်တွေကို စီးပွားဖြစ်အသုံးပြုနိုင်ဖို့အတွက် ခြေတစ်လှမ်းနီးစပ်လာပြီလို့ဆိုနိုင်ပါတယ်။ အကြောင်းရင်းကတော့ လေကြောင်းမှကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ ကမ္ဘာ့ပထမဆုံးသော ဟိုက်ဒရိုဂျင်-လျှပ်စစ်စွမ်းအင်သုံး ကုန်တင်လေယာဉ်များကိုအသုံးပြုလာနိုင်တော့မှာဖြစ်တဲ့အတွက်ပါပဲ။

အဲဒီလေယာဉ်ကို ပထမဆုံးအသုံးပြုမယ့်နိုင်ငံကဗြိတိန်နိုင်ငံပါ။ ZeroAvia ကုမ္ပဏီနဲ့ လေကြောင်းဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်တဲ့ RVL Aviation တို့ပူးပေါင်းပြီး ဒီလေယာဉ်ကိုပွဲဦးထွက်ထုတ်ဖော်ပြသွားမှာဖြစ်ပါတယ်။ လေယာဉ်တည်ဆောက်မှုကတော့ ပုံစံအသစ်ပေါ်မှာတည်ဆောက်ထားတာမျိုးမဟုတ်ဘဲ သမားရိုးကျ Cessna Grand Caravans လေယာဉ်ကို ZeroAvia ရဲ့ ZA600 အမျိုးအစား ဟိုက်ဒရိုဂျင်-လျှပ်စစ်စွမ်းအင်သုံးအင်ဂျင်ထည့်ပေးထားတာဖြစ်ပါတယ်။

ဒီလေယာဉ်မှာအသုံးပြုမယ့်နည်းပညာကိုဖန်တီးလာတာက နှစ်ပေါင်းများစွာကြာနေပါပြီ။ ZeroAvia က ဒီနည်းပညာကို Dornier 228 လေယာဉ်မှာ အမျိုးမျိုးစမ်းသပ်မှုတွေလုပ်ဆောင်ခဲ့ပြီးပါပြီ။ သူတို့အနေနဲ့ ဒီနည်းပညာကိုတီထွင်ရခြင်းရဲ့အဓိကပန်းတိုင်ကိုက လေယာဉ်အသစ်များကိုတည်ဆောက်မယ့်အစား ရှိပြီးသားလေယာဉ်အဟောင်းတွေကိုပဲ ဒီနည်းပညာတွေတပ်ဆင်ပေးနိုင်ဖို့ကို အဓိကထားတာဖြစ်ပါတယ်။ အခုလိုမျိုးလုပ်ဆောင်ရတဲ့နည်းလမ်းက အချိန်တိုအတွင်းတပ်ဆင်နိုင်တယ်။ ကုန်ကျစရိတ်လည်းသက်သာနိုင်တယ်။ ပြီးတော့ လေယာဉ်မောင်းသူများအတွက်လည်း ပိုပြီးလိုက်လျောညီထွေရှိစေပါတယ်။

လက်ရှိအချိန်မှာတော့ ဟိုက်ဒရိုဂျင်-လျှပ်စစ်စွမ်းအင်သုံးကုန်တင်လေယာဉ်ပျံသန်းမယ့်အစီအစဉ်က အထမမြောက်သေးပါဘူး။ ZA600 အမျိုးအစားအင်ဂျင်ကို တာဝန်ရှိသူများကအတည်ပြုပေးရဦးမှာဖြစ်ပါတယ်။ Ref: IE

K.H

# မာလိန်မှူးမပါတဲ့ ကမ္ဘာ့ပထမဆုံးအဝေးထိန်းသင်္ဘောစနစ်ကို ပထမဆုံးစမ်းသပ်လာတဲ့ ဒိန်းမတ်

ဒိန်းမတ်နိုင်ငံကလည်း ကမ္ဘာ့ပထမဆုံးဖြစ်တဲ့ အဝေးထိန်းသင်္ဘောစနစ်ကို ပထမဆုံးစမ်းသပ်မှုတွေလုပ်ဆောင်လာပါပြီ။ အဲဒီစနစ်က မာလိန်မှူးတွေအနေနဲ့ သင်္ဘောပေါ်ကိုယ်တိုင်လိုက်ပါစရာမလိုဘဲ ကမ်းပေါ်မှနေ၍ အချိန်နဲ့တစ်ပြေးညီရရှိတဲ့အချက်အလက်များကိုအသုံးပြုပြီး သင်္ဘောကို မောင်းနှင်နိုင်စေမယ့်စနစ်တစ်မျိုးဖြစ်ပါတယ်။

ဒီအစီအစဉ်ကို DanPilot ဆိုတဲ့ကုမ္ပဏီနဲ့ ရေကြောင်းနည်းပညာကုမ္ပဏီတစ်ခုဖြစ်တဲ့ Danelec တို့က ပူးတွဲအကောင်အထည်ဖော်တာဖြစ်ပါတယ်။ အခုဆိုရင် သူတို့အနေနဲ့ ဒိန်းမတ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီကနေ သူတို့ရဲ့စနစ်ကိုလက်တွေ့စမ်းသပ်ဖို့အတွက် ခွင့်ပြုမိန့်ရရှိထားပါတယ်။ ဒါ့အပြင် ဒီအစီအစဉ်က ကမ္ဘာ့ရေကြောင်းသွားလာမှုလုပ်ငန်းကြီးတစ်ခုလုံးအတွက် အလှည့်အပြောင်းတစ်ခုဖြစ်လာနိုင်ပါတယ်။

ဒီစနစ်ကိုအသုံးပြုတဲ့အခါ မာလိန်မှူးက ကမ်းပေါ်မှာရှိတဲ့ ထိန်းချုပ်ရေးစင်တာမှာထိုင်ပြီး သင်္ဘောဆီကနေ အချိန်နဲ့တစ်ပြေးညီရရှိတဲ့ အချက်အလက်များအပေါ်အခြေခံကာ သင်္ဘောကိုအဝေးထိန်းစနစ်နဲ့ထိန်းချုပ်မောင်းနှင်စေမှာဖြစ်ပါတယ်။ ဒီလိုမျိုးမောင်းနှင်ရတဲ့အတွက် ဖြစ်ပေါ်လာနိုင်တဲ့အန္တရာယ်ရှိမှုတွေကိုလျှော့ချနိုင်မယ်။ စွမ်းဆောင်ရည်ကိုတိုးတက်စေမယ်။ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ကျစေမယ်။ အထူးသဖြင့်သင်္ဘောလမ်းကြောင်းကျပ်တဲ့နေရာတွေနဲ့ သင်္ဘောပေါ်တက်ဖို့ခက်ခဲတဲ့အခြေအနေမျိုးတွေမှာ ဒီစနစ်ကတော်တော်လေးကိုအသုံးဝင်စေမှာပါ။

အခုစမ်းသပ်မယ့်အစီအစဉ်က ၁၈ လကြာမြင့်မှာဖြစ်ပါတယ်။ ဒီအတောအတွင်း ဒိန်းမတ်ရေပြင်ထဲမှာပဲ အဲဒီစနစ်နဲ့သင်္ဘောကိုစမ်းသပ်မောင်းနှင်မှုပေါင်း ၅၀ အထိလုပ်ဆောင်သွားမှာပါ။ ဒါပေမဲ့ရေစူး ၃၃ မီတာရှိတဲ့ သင်္ဘောတွေနဲ့ပဲ အဓိကထားစမ်းသပ်သွားမှာဖြစ်တယ်လို့ဆိုပါတယ်။ Ref: IE

K.H



# အာကာသအတွင်း ကမ္ဘာ့ပထမဆုံးထိပ်တန်းကွန်ပျူတာစနစ်ကို တည်ဆောက်ရန် တရုတ်ကဂြိုဟ်တုများလွှတ်တင်

ပေကျင်း၊ နည်းပညာ

တရုတ်နိုင်ငံသည် အာကာသအတွင်း ကမ္ဘာ့ပထမဆုံးသော ထိပ်တန်းကွန်ပျူတာစနစ်ကိုတည်ဆောက်ရန် ဂြိုဟ်တုများကို လွှတ်တင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ယခုလွှတ်တင်သော ဂြိုဟ်တုများသည် ထိပ်တန်းကွန်ပျူတာစနစ်အတွက် ပထမအသုတ်ဖြစ်သည်။

အသိဉာဏ်မြင့်မားသောတွက်ချက်မှုစနစ်များနှင့် ဂြိုဟ်တုအချင်းချင်းဆက်သွယ်ရေးကွန်ရက်များပါဝင်သည့် ဂြိုဟ်တု ၁၂ လုံးကို Long March 2D ဒုံးပျံဖြင့် တင်ဆောင်၍ မေလ ၁၄ ရက်မွန်းလွဲပိုင်းတွင် လွှတ်တင်လိုက်ခြင်းဖြစ်သည်ဟု နိုင်ငံပိုင်သတင်းစာတစ်စောင်က ဖော်ပြထားသည်။

အဆိုပါထိပ်တန်းကွန်ပျူတာစနစ်ကို အပိုင်းသုံးပိုင်းဖြင့်တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းသို့တည်ဆောက်မှုပြီးစီးပါက ထိုစနစ်သည် မြေပြင်ရှိထိပ်တန်းကွန်ပျူတာများနှင့်ပင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည်ဖြစ်ကာ လိုချင်သည့်အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ၎င်း၏လုပ်ငန်းလုပ်ဆောင်နိုင်စွမ်းသည် တစ်စက္ကန့်လျှင် လုပ်ငန်းလုပ်ဆောင်နိုင်မှုပေါင်း ၁ ကွင်တီလီယံအထိရှိကြောင်း သတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

အာကာသအတွင်း အချက်အလက်ဆိုင်ရာဗဟိုဌာနများကို တည်ဆောက်ရာတွင် လည်ပတ်ရန်လိုအပ်သောစွမ်းအင်ကို နေရောင်ခြည်မှရယူကာ အပူကိုလည်း အာကာသအတွင်းသို့စွန့်ထုတ်နိုင်သဖြင့် စွမ်းအင်လိုအပ်ချက်နှင့် ကာဗွန်ခတ်ငွေ့ထွက်ရှိမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။ Ref: SCMP



# ဂျာမနီက စစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းနိုင်ဖွယ်ရှိဟုဆို

ဘာလင်၊ ပြည်တွင်းရေး



ဂျာမနီအစိုးရအနေဖြင့် တပ်မတော်သို့ဝင်ရောက်အမှုထမ်းသူဦးရေ နည်းပါးလာပါက စစ်မှုထမ်းဥပဒေကိုပြန်လည်အသက်သွင်းနိုင်ဖွယ်ရှိကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ်ပစ္စတိုးရီးယပ်ကပြောသည်။

ဂျာမနီနိုင်ငံသည် စစ်မှုထမ်းဥပဒေကို ၂၀၁၁ ခုနှစ်တွင် ဖျက်သိမ်းလိုက်ခြင်းဖြစ်သော်လည်း လက်ရှိဖြစ်ပွားလျက်ရှိသော ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် ထိုဥပဒေကိုပြန်လည်ပြဋ္ဌာန်းရန် စဉ်းစားလာခြင်းဖြစ်သည်။

လက်ရှိတွင် မိမိသဘောဆန္ဒအရ စစ်မှုထမ်းလိုသူများအပေါ်တွင်သာ မှီခိုရန် အစိုးရအနေဖြင့် သဘောတူထားသော်လည်း လိုအပ်သည့်စစ်မှုထမ်းအင်အား မရရှိပါက စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့် ၂၀၃၁ ခုနှစ်အရောက်တွင် တန်းပြည့်စစ်မှုထမ်းအင်အား ၁၈၀၀၀၀ မှ ၂၀၀၀၀၀ အထိရရှိရန် စီစဉ်ထားကြောင်း၊ ယခုပထမသုံးလပတ်တွင် စစ်မှုထမ်းရန်လျှောက်ထားသူ ၂၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ပစ္စတိုးရီးယပ်ကပြောထားသည်။ Ref: RT

# ဟောင်ကောင်နှင့်စင်ကာပူတို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများမြင့်တက်လာ

ဟောင်ကောင်၊ ကျန်းမာရေး

လူဦးရေထူထပ်သော ဟောင်ကောင်နှင့်စင်ကာပူတို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာလျက်ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက မေလ ၁၅ ရက်တွင်သတိပေးထားသည်။

ဟောင်ကောင်ဒေသ၌ရောဂါပိုးကူးစက်မှုအခြေအနေက အလွန်မြင့်မားနေကြောင်း၊ ရောဂါစစ်ဆေးတွေ့ရှိမှုပမာဏမှာလည်း တစ်နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိလာကြောင်း ကျန်းမာရေးဌာနမှ ကူးစက်ရောဂါဌာနမှူး အဲဘတ်ဩကပြောသည်။

မေလ ၃ ရက်အထိ တစ်ပတ်တာကာလအတွင်း ရောဂါကူးစက်ခံရသူ ၃၁ ဦးရှိကာ ထိုသို့ကူးစက်ခံရပြီးနောက်သေဆုံးသူများလည်းပါဝင်ကြောင်း ကျန်းမာရေးဌာနကထုတ်ပြန်ထားသည်။

အလားတူ စင်ကာပူနိုင်ငံတွင်လည်း မေလ ၃ ရက်အထိ တစ်ပတ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈ ရာခိုင်နှုန်းမြင့်တက်ကာ ဦးရေ ၁၄၂၀၀ အထိရှိလာကြောင်း၊ ထိုရောဂါဖြင့်နေ့စဉ်ဆေးရုံတက်ရောက်မှုမှာ ၃၀ ရာခိုင်နှုန်းအထိမြင့်တက်လာကြောင်းနှင့် ထိုသို့ဖြစ်ရခြင်းမှာ ကိုယ်ခံအားကျဆင်းလာခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။ Ref: BP

## သတင်းတိုကဏ္ဍ

### ကာတာက နိုင်ငံအတွင်းရှိအမေရိကန်လေတပ်စခန်း၌ ဒေါ်လာ ၁၀ ဘီလီယံရင်းနှီးမြှုပ်နှံမည်

ကာတာအစိုးရသည် လာမည့်နှစ်များအတွင်း နိုင်ငံအတွင်းရှိ အမေရိကန်လေတပ်စခန်း၌ ဒေါ်လာ ၁၀ ဘီလီယံရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မေလ ၁၅ ရက်တွင်ပြောသည်။

ကာတာနိုင်ငံ ဒိုဟာမြို့၏အနောက်တောင်ဘက်ရှိ အယ်အူဒေးလေတပ်စခန်းသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့၏ အကြီးဆုံးလေတပ်စခန်းဖြစ်ပြီး ကာတာအစိုးရက ထိုစခန်းအတွက် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

ထို့ပြင် ကာတာအစိုးရသည် အမေရိကန်မှ ကာကွယ်ရေးပစ္စည်းဝယ်ယူမှုပမာဏသည် ဒေါ်လာ ၄၂ ဘီလီယံရှိကာ ထိုဝယ်ယူမှုကို မေလ ၁၄ ရက်တွင်လက်မှတ်ထိုးထားပြီးဖြစ်ကြောင်း ထရမ့်ကလေတပ်စခန်းရှိစစ်သည်များကိုပြောသည်။

ထရမ့်သည် ပင်လယ်ကွေ့နိုင်ငံများသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ် ကာတာလေကြောင်းလိုင်းက အမေရိကန်မှ အိမ်ကျယ်ဘိုးအင်းလေယာဉ်အစင်း ၂၁၀ အထိဝယ်ယူရန် သဘောတူမှုရရှိခဲ့ကြောင်းသိရသည်။ Ref: TST

### ရုရှားတပ်မတော်နှင့်လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် တရုတ်နိုင်ငံကအသင့်ရှိဟုဆို

တရုတ်နိုင်ငံသည် ရုရှားတပ်မတော်နှင့် လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့ရန်အသင့်ရှိနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက မေလ ၁၅ ရက်တွင်ပြောထားသည်။

တရုတ်တပ်မတော်သည် မဟာဗျူဟာမြောက်အပြန်အလှန်ယုံကြည်မှုကိုပိုမိုခိုင်မာစေရန်၊ မဟာဗျူဟာမြောက်ဆက်သွယ်ရေးကိုတိုးမြှင့်ရန်၊ လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုကိုတိုးချဲ့ရန် အသင့်ရှိနေသည်ဟု ပြောရေးဆိုခွင့်ရှိသူကျန်းဖင်ကပြောသည်။

ထိုကဲ့သို့ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ခြင်းသည် ခေတ်သစ်အတွက် တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကိုပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် ယင်းကဲ့သို့ပူးပေါင်းဆောင်ရွက်မှုများသည် တစ်ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာမြောက်တည်ငြိမ်ရေးကိုထိန်းသိမ်းရာရောက်ပြီး ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း ၎င်းကပြောထားသည်။ Ref: AGC

### ဆွေးနွေးပွဲတက် ရုရှားကိုယ်စားလှယ်အဖွဲ့၏ တာဝန်က ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်ရန်ဖြစ်ဟုဆို

တူကီယဲနိုင်ငံ အစ္စတန်ဘူမြို့၌ပြုလုပ်သော ယူကရိန်းနှင့်ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ရုရှားကိုယ်စားလှယ်အဖွဲ့၏တာဝန်က ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်ရန်ဖြစ်ကြောင်းနှင့် ပဋိပက္ခဖြစ်ပွားစေသည့်အကြောင်းရင်းများကို ဖယ်ရှားရှင်းလင်းရန်ဖြစ်ကြောင်း ရုရှားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗလာဒီမာမက်ဒင်စကီက မေလ ၁၅ ရက်တွင်ပြောသည်။

ထို့ပြင် ယူကရိန်းနှင့်ဆွေးနွေးနိုင်ရန်စောင့်ဆိုင်းနေသော ရုရှားကိုယ်စားလှယ်အဖွဲ့သည် လိုအပ်သော စွမ်းဆောင်ရည်များရှိကာ လက်ရှိတွင် ကိုယ်စားလှယ်အဖွဲ့က ယူကရိန်းပဋိပက္ခကိုဖြေရှင်းနိုင်ရေးလမ်းကြောင်းများကိုရှာဖွေရန် အပြုသဘောဆောင်သည့်စိတ်သဘောထားရှိနေကြောင်း ၎င်းကဆက်ပြောသည်။ ရုရှားကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးပွဲ၌စောင့်နေသော်လည်း ယူကရိန်းဘက်က မရောက်လာသေးကြောင်း သိရသည်။ Ref: Sputnik

### အိန္ဒိယတပ်မတော်က မဏိပူရပြည်နယ်၌ စစ်သွေးကြွ ၁၀ ဦးကို ချေမှုန်း

အိန္ဒိယတပ်မတော်သည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ မဏိပူရပြည်နယ်၌ စစ်သွေးကြွ ၁၀ ဦးကိုချေမှုန်းလိုက်နိုင်သည်ဟု မေလ ၁၅ ရက်တွင်ထုတ်ပြန်ထားသည်။

မေလ ၁၄ ရက်တွင် ချန်ဒဲခရိုင်ရှိ ဆမ်တဲရွာသစ်၌ အစိုးရ၏လက်နက်ကိုင်တပ်ဖွဲ့များနှင့် စစ်သွေးကြွများကြား အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အစိုးရတပ်ဖွဲ့ဝင်များသည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေစဉ် စစ်သွေးကြွများကဦးစွာပစ်ခတ်လာခြင်းဖြစ်ကြောင်း၊ ထို့နောက်တပ်ဖွဲ့ဝင်များသည် ပြန်လည်စုဖွဲ့ကာ စစ်သွေးကြွများကိုစနစ်တကျဖြင့် လက်တုံ့ပြန်တိုက်ခိုက်ကြောင်း၊ ထို့နောက် စစ်သွေးကြွ ၁၀ ဦးကိုချေမှုန်းနိုင်သည့်အပြင် လက်နက်ခဲယမ်းများကိုလည်းသိမ်းဆည်းနိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။ လက်ရှိတွင် တပ်ဖွဲ့ဝင်များသည် ထိုဒေသ၌ စစ်ဆင်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်းသိရသည်။ Ref: Xinhua

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့တွင် လျှောက်ထားနိုင်ပါသည်။

<u>အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ</u>

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ( ၁ ) အထက(၂) မိုးညှင်း | |
| ၂။ | ချင်းပြည်နယ် | ( ၂ ) အထက(၂) ဟားခါး | |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ( ၃ ) အထက (၁)ရွှေဘို | ( ၄ ) အထက-အုန်းတော |
| ၄။ | တနင်္သာရီတိုင်းဒေသကြီး | ( ၅ ) အထက-အောက်လိပ် | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ( ၆ ) အထက-အုန်းနဲ့ | ( ၈ ) အထက- ပဲနွယ်ကုန်း |
| | | ( ၇ ) အထက- အေးမြသာယာ | ( ၉ ) အထက-သဲကုန်း |
| ၆။ | မကွေးတိုင်းဒေသကြီး | (၁၀) အထက-စကု | (၁၂) အထက(၁)သရက် |
| | | (၁၁) အထက-ပြလို့ | (၁၃) အထက-ငွေးချို |
| ၇။ | မန္တလေးတိုင်းဒေသကြီး | (၁၄) အထက(၁)ပျော်ဘွယ် | (၁၇) အထက-ပလစ(၂)(အမရပူရ) |
| | | (၁၅) အထက-လက်ပံပြား | (၁၈) အထက(ခွဲ)လ-၁ (ပြင်ဦးလွင်) |
| | | (၁၆) အထက-တံတားဦး | |
| ၈။ | မွန်ပြည်နယ် | (၁၉) အထက-ဟံဂံ | (၂၁) အထက(၂) ကျိုက်ထို |
| | | (၂၀) အထက(၁)သထုံ | |
| ၉။ | ရခိုင်ပြည်နယ် | (၂၂) အထက(၃)ကျောက်ဖြူ | |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | (၂၃) အထက-စိုက်မွေး | (၂၈) အထက- သုဝဏ္ဏ |
| | | (၂၄) အထက-ညောင်နှစ်ပင် | (၂၉) အထက(၂)သာကေတ |
| | | (၂၅) အထက-ငါးဆူတောင် | (၃၀) အထက-ဖားကူး(သန်လျင်) |
| | | (၂၆) အထက-တိုက်ကြီး | (၃၁) အထက(၆)မြောက်ဥက္ကလာ |
| | | (၂၇) အထက(၄)မင်္ဂလာဒုံ | |
| ၁၁။ | ရှမ်းပြည်နယ်(တောင်) | (၃၂) အထက-ဝမ်ဟတ် | (၃၄) အထက(ခွဲ)လေတပ် (နမ့်စန်-တ) |
| | | (၃၃) အထက(၇)အင်းခေါင်း | (၃၅) အထက-မိုင်းနောင် |
| ၁၂။ | ရှမ်းပြည်နယ်(ရှေ့) | (၃၆) အထက-တပ်တွင်း (မိုင်းယောင်း) | (၃၈) အထက-နားကောင်းမူ (မိုင်းတုံ) |
| | | (၃၇) အထက(ခွဲ)(မိုင်းဆတ်) | (၃၉) အထက-မိုင်းကိုး |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | (၄၀) အထက (၁) ဒေးဒရဲ | (၄၃) အထက-ဂုန်နီ |
| | | (၄၁) အထက-ချင်းမြောင် | (၄၄) အထက(၃)မိုင်(လပွတ္တာ) |
| | | (၄၂) အထက(၂)ကျုံပျော် | |
| ၁၄။ | နေပြည်တော် | (၄၅) အထက(၂၀)ပုဗ္ဗသီရိ | (၄၇) အထက-MRTV(တပ်ကုန်း) |
| | | (၄၆) အထက-ပျံချီ | |
| ၁၅။ | <u>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ</u> | | |
| | ပအိုဝ့် | (၄၈) အထက(ခွဲ) ပေါင်လင်း | |
| | ဓနု | (၄၉) အထက-ကျုံး | |
| | နာဂ | (၅၀) အထက-နန်းယွန်း | |

<u>အစိုးရနည်းပညာအထက်တန်းကျောင်းများ</u>

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ( ၁ ) အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား) | ( ၂ ) အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) |
| ၂။ | ကယားပြည်နယ် | ( ၃ ) အစိုးရနည်းပညာအထက်တန်းကျောင်း(လွိုင်ကော်) | |
| ၃။ | ကရင်ပြည်နယ် | ( ၄ ) အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ( ၅ ) အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ) | ( ၇ ) အစိုးရနည်းပညာအထက်တန်းကျောင်း(ခန္တီး) |
| | | ( ၆ ) အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး) | |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ( ၈ ) အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) | (၁၀) အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်) |
| | | ( ၉ ) အစိုးရနည်းပညာအထက်တန်းကျောင်း(ကော့သောင်း) | |
| ၆။ | ပဲခူးတိုင်းဒေသကြီး | (၁၁) အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ) | (၁၂) အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်) |
| ၇။ | မကွေးတိုင်းဒေသကြီး | (၁၃) အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး) | (၁၄) အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ) |
| ၈။ | မန္တလေးတိုင်းဒေသကြီး | (၁၅) အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) | (၁၇) အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) |
| | | (၁၆) အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) | (၁၈) အစိုးရနည်းပညာအထက်တန်းကျောင်း(မြင်းခြံ) |
| ၉။ | မွန်ပြည်နယ် | (၁၉) အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) | |
| ၁၀။ | ရခိုင်ပြည်နယ် | (၂၀) အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ) | |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | (၂၁) အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း) | (၂၂) အစိုးရနည်းပညာအထက်တန်းကျောင်း(ရွှာမ) |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | (၂၃) အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး) | (၂၅) အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်) |
| | | (၂၄) အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ) | |
| ၁၃။ | ရှမ်းပြည်နယ်(ရှေ့) | (၂၆) အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) | |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | (၂၇) အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်) | (၂၉) အစိုးရနည်းပညာအထက်တန်းကျောင်း(ဟင်္သာတ) |
| | | (၂၈) အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်) | |
| ၁၅။ | နေပြည်တော် | (၃၀) အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်) | |
| ၁၆။ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | (၃၁) အစိုးရနည်းပညာအထက်တန်းကျောင်း(လဟယ်) | |

အောက်ဖော်ပြပါသင်တန်းသားသစ်များခေါ်ယူမည်ဖြစ်ပါသည်-

၂။ လျှောက်ထားသူသည်

(က) နည်းပညာနှင့်သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီးလက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

( ခ ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။

( ဂ ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။

(ဃ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ(သို့မဟုတ်)ကျရှုံးသူများ (သို့မဟုတ်)ရပ်နားထားသူများဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ်မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက B.Tech ပထမနှစ်သင်တန်းနှင့် BE ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် ခရိုင်တူ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း(Building Technology)

( ခ ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

( ဂ ) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

၇။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း(Building Technology)

( ခ ) အီလက်ထရောနစ်နည်းပညာသင်တန်း(Electronics Technology)

( ဂ ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Automotive Technology)

( င ) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း(Machining Technology)

( စ ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း(Building Service Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း(Metal Process Technology)

( ဇ ) သုတနည်းပညာသင်တန်း(Information Technology)

၈။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၁၆-၅-၂၀၂၅ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၂၂-၅-၂၀၂၅ ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇- ၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊
## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတို့တွင် လျှောက်ထားနိုင်ပါသည်။

<u>အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ</u>

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ( ၁ ) အထက(၂)မိုးညှင်း | ( ၃ ) အထက-ဒုတ္တန် |
| | | ( ၂ ) အထက(၁)ဝိုင်းမော် | |
| ၂။ | ကယားပြည်နယ် | ( ၄ ) အထက-ချီကယ် | |
| ၃။ | ကရင်ပြည်နယ် | ( ၅ ) အထက-ဒုံရင်း | |
| ၄။ | ချင်းပြည်နယ် | ( ၆ ) အထက(၂)ဟားခါး | |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ( ၇ ) အထက(၁)ရွှေဘို | ( ၉ ) အထက-အုန်းတော |
| | | ( ၈ ) အထက(၂) အလုံ | |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | (၁၀) အထက(၄)ထားဝယ် | (၁၂) အထက(၂)ကော့သောင်း |
| | | (၁၁) အထက-သမုတ် | (၁၃) အထက-အောက်လိပ် |
| ၇။ | ပဲခူးတိုင်းဒေသကြီး | (၁၄) အထက-အုန်းနဲ့ | (၁၇) အထက-အေးမြသာယာ |
| | | (၁၅) အထက-ညောင်ခြေထောက် | (၁၈) အထက-ရွှေတောင် |
| | | (၁၆) အထက-ပဲနွယ်ကုန်း | (၁၉) အထက-သဲကုန်း |
| ၈။ | မကွေးတိုင်းဒေသကြီး | (၂၀) အထက-စကု | (၂၃) အထက(၁)သရက် |
| | | (၂၁) အထက-ပြလို့ | (၂၄) အထက-ငွေးချို |
| | | (၂၂) အထက-မြေပြင်သာ | (၂၅) အထက(၃)ပခုက္ကူ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | (၂၆) အထက(၁)ပျော်ဘွယ် | (၃၁) အထက-ပလစ(၂)(အမရပူရ) |
| | | (၂၇) အထက(၆)မိတ္ထီလာ | (၃၂) အထက-တံတားဦး |
| | | (၂၈) အထက-လက်ပံပြား | (၃၃) အထက(၃)မြင်းခြံ |
| | | (၂၉) အထက-မြစ်သား | (၃၄) အထက(ခွဲ)လ-၁(ပြင်ဦးလွင်) |
| | | (၃၀) အထက(၂၇)ပြည်ကြီးတံခွန် | |
| ၁၀။ | မွန်ပြည်နယ် | (၃၅) အထက-ဟံဂံ | (၃၇) အထက(၂)ကျိုက်ထို |
| | | (၃၆) အထက(၁)သထုံ | (၃၈) အထက-ရွာလွတ်(ချောင်းဆုံ) |
| ၁၁။ | ရခိုင်ပြည်နယ် | (၃၉) အထက(၁)စစ်တွေ | (၄၀) အထက(၃)ကျောက်ဖြူ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | (၄၁) အထက-စိုက်မွေး | (၄၇) အထက(၄)မင်္ဂလာဒုံ |
| | | (၄၂) အထက-သဝန်းတော | (၄၈) အထက-သုဝဏ္ဏ |
| | | (၄၃) အထက-ညောင်နှစ်ပင် | (၄၉) အထက(၂)သာကေတ |
| | | (၄၄) အထက-ငါးဆူတောင် | (၅၀) အထက-ဖားကူး(သန်လျင်) |
| | | (၄၅) အထက(၇) အင်းစိန် | (၅၁) အထက(၆)မြောက်ဥက္ကလာ |
| | | (၄၆) အထက-တိုက်ကြီး | |
| ၁၃။ | ရှမ်းပြည်နယ်(တောင်) | (၅၂) အထက(၁)အေးသာယာ | (၅၅) အထက(၇)အင်းခေါင်း |
| | | (၅၃) အထက(ခွဲ)လေတပ်(နမ့်စန်-တ) | (၅၆) အထက(၁)ပင်လုံ |
| | | (၅၄) အထက-ဝမ်ဟတ် | (၅၇) အထက-မိုင်းနောင် |
| ၁၄။ | ရှမ်းပြည်နယ်(ရှေ့) | (၅၈) အထက-ဝမ်အွယ် | (၆၁) အထက-နားကောင်းမူ(မိုင်းတုံ) |
| | | (၅၉) အထက-တပ်တွင်း(မိုင်းယောင်း) | (၆၂) အထက-မိုင်းကိုး |
| | | (၆၀) အထက(ခွဲ)(မိုင်းဆတ်) | |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | (၆၃) အထက(၁)ဒေးဒရဲ | (၆၇) အထက(၂)ကျုံပျော် |
| | | (၆၄) အထက-စကြော့ | (၆၈) အထက-နတ်မော်(ဟင်္သာတ) |
| | | (၆၅) အထက-ကန်ကြီးထောင့် | (၆၉) အထက-ဂုန်နီ |
| | | (၆၆) အထက-ချင်းမြောင် | (၇၀) အထက (၃)မိုင်(လပွတ္တာ) |
| ၁၆။ | နေပြည်တော် | (၇၁) အထက(၂၀)ပုဗ္ဗသီရိ | (၇၃) အထက-ပျံချီ |
| | | (၇၂) အထက(၁)ပျဉ်းမနား | (၇၄) အထက-MRTV(တပ်ကုန်း) |
| ၁၇။ | <u>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ</u> | | |
| | ပအိုဝ့် | (၇၅) အထက(ခွဲ)ပေါင်လင်း | |
| | ဓနု | (၇၆) အထက-ကျုံး | |
| | နာဂ | (၇၇) အထက-နန်းယွန်း | (၇၈) အထက-လဟယ် |

အောက်ဖော်ပြပါသင်တန်းသားသစ်များခေါ်ယူမည်ဖြစ်ပါသည်-

၂။ လျှောက်ထားသူသည်

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များ၏ လက်တွေ့လုပ်ငန်းများအားဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( ခ ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။

( ဂ ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (Grade 9)အောင်မြင်သူဖြစ်ရမည်။

(ဃ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ(သို့မဟုတ်)ကျရှုံးသူများ (သို့မဟုတ်)ရပ်နားထားသူများဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ်မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ စိုက်ပျိုးရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ/ အစိုးရစက်မှုလက်မှုသိပ္ပံ(Farm Machinery)ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ(၃)နှစ် သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ/ငါးလုပ်ငန်းသိပ္ပံကျောင်းများ၏ ပထမနှစ် သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပထမနှစ်သင်တန်း သို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) စိုက်ပျိုးရေးသင်တန်း

( ခ ) မွေးမြူရေးသင်တန်း

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း များတွင် ၁၆-၅-၂၀၂၅ ရက်မှစတင်ထုတ်ယူနိုင်ပြီး ၂၂-၅-၂၀၂၅ ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက် လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်း ကျောင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနရုံးများ၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့်စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၁၀၂၉၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

### ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးအဆောက်အဦ (၄)လုံး၊ ဝန်ထမ်းအိမ်ရာ(၂)လုံး၊ စုစုပေါင်းအဆောက်အဦ(၆)လုံး ဆောက်လုပ်မည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ရန်ကုန်တိုင်း ဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အစိုးရအဖွဲ့ရုံး)ဂိတ်အမှတ်(၄)၊ အလုံ လမ်းတွင် ၁၂၀၀ အချိန်မှ ၁၆၀၀ အချိန်အတွင်း(ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၃။ | တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂၀-၅-၂၀၂၅ ရက် |
| ၄။ | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | ၂၉-၅-၂၀၂၅ ရက် |
| ၅။ | တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၄-၆-၂၀၂၅ ရက်၊ နံနက်(၁၀၀၀)နာရီ |
| ၆။ | တင်ဒါဖွင့်မည့်နေရာ | - | ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ |

၇။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁- ၈၃၀၂၅၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများ အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

LOT 1 ခရမ်းမြို့နယ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ(၄၀'x ၃၀')(၂)ထပ်(၂)ခန်းတွဲ RCC ရေ၊ မီး၊ မိလ္လာအပါအဝင်တည်ဆောက်ခြင်း။

LOT 2 တွံတေးငါးလုပ်ငန်းစခန်း၊ GAqP Model Farm မြေ(၂၀)ကေပေါ်တွင် ခြံစည်းရိုး ခတ်ခြင်း(၆၁၆၀ ပေ)လုပ်ငန်းအားဆောင်ရွက်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါများကို

| | | | |
|---|---|---|---|
| (က) | လျှောက်လွှာဝယ်ယူရမည့်ရက် | - | (၁၇-၅-၂၀၂၅) မှ (၃၀-၅-၂၀၂၅) |
| ( ခ ) | လျှောက်လွှာများကို နောက်ဆုံး တင်သွင်းရမည့်ရက် | - | (၃၀-၅-၂၀၂၅)ရက် သောကြာနေ့ (၁၅:၃၀)နာရီ |
| ( ဂ ) | နေရာ | - | ပိတောက်လမ်းမှတ်တိုင်အနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက-

| | | | |
|---|---|---|---|
| (၁) | ဦးတင့်လွင် | - | ၀၉-၅၁၈၄၅၂၈ |
| (၂) | ဒေါ်ယဉ်ယဉ်တင့် | - | ၀၉-၄၂၁၁၆၆၀၉၄ |
| (၃) | ဦးရင်ထွေးနိုင် | - | ၀၉-၇၈၁၂၄၆၉၉၂ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန**

---

### ADRA MYANMAR COMPANY LIMITED
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**
**လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က) လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ**
**(ကုမ္ပဏီတွင်ပါဝင်သူများ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

၁။ ADRA MYANMAR COMPANY LIMITED အား ကုမ္ပဏီတွင်ပါဝင်သူများ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်(၁၄ ရက်၊ မေလ၊ ၂၀၂၅ ခုနှစ်)ရက်နေ့တွင်ကျင်းပခဲ့သော သာမန် ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသိန်း လှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)(MAIP No.၀၀၂၃၂)အားခန့်အပ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၄ရက်၊ ဇွန်လ၊ ၂၀၂၅ ခုနှစ်)ရက်နေ့ ထက်နောက်မကျစေဘဲ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသော သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ ဖော်ပြပါနေ့စွဲထက်နောက်ကျပြီး တင်ပြလာသောကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)(MAIP No.၀၀၂၃၂)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**PAI Consultant Service**

**ရုံးခန်းလိပ်စာ-အမှတ် ၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၂၁၇၅၁၄၊ ၀၉၇၇၄၇၈၈၈၄၆**

---

### ပျောက်ဆုံးကြောင်း

ဝိုင်းမော်မြို့နေ မဇီတီနာ(ဘ)ဦးဇီရိုရှိ ၁/ဝမန(နိုင်)၁၂၀၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 997298) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၃၃၁၇၅၃**

---

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရေဆုံးကျေးရွာအုပ်စု၊ စည်ပင်ကျေးရွာနေ မြင့်မြင့်မော်(ဘ)ဦးခင်စိုး ၉/ကပတ(နိုင်)၂၃၄၃၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၆၈၃၀၆၃၂၆၅**

---

**ပျောက်ဆုံးကြောင်း**

မောင်ဖြိုးမောင်မောင်(ဘ)ဦးသက်နိုင် ၁၀/မလမ(နိုင်)၂၆၉၂၈၈ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၂၀၀၀၇**

---

**ပျောက်ဆုံးကြောင်း**

နီလာဝင်း(ဘ)ဦးမြင့်စိုး ၁၂/ကခက(နိုင်)၁၀၂၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၅၁၇၆**

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာန/ ကြီးကြပ်ရေးအဖွဲ့တို့မှဆောင်ရွက်မည့် လမ်းလုပ်ငန်း/ တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာန/ကြီးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများအတွက်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ခေါ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက် - (၁၃-၅-၂၀၂၅)ရက်၊ (အင်္ဂါနေ့)
- တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်နေ့ရက် - (၂၃-၅-၂၀၂၅)ရက်၊ (သောကြာနေ့)
- တင်ဒါ(P.O)နောက်ဆုံး တင်သွင်းရမည့်နေ့ရက် - (၂၃-၅-၂၀၂၅)ရက်၊ (သောကြာနေ့)
- နမူနာပစ္စည်းနှင့် Result မူရင်း တင်သွင်းရမည့်နေ့ရက် - (၂၃-၅-၂၀၂၅)ရက်၊ (သောကြာနေ့)
- တင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန် - (၂၇-၅-၂၀၂၅)ရက်၊ (အင်္ဂါနေ့) (၀၉:၃၀ နာရီ)
- တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ပဲခူးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ကတ္တရာ/ဘိလပ်မြေ/သံချောင်း/ဒီဇယ်လျှောက်လွှာများကိုသာ ရောင်းချမည်ဖြစ်ပြီး ကျန်ပစ္စည်းများအား သက်ဆိုင်ရာခရိုင်/အထူးအဖွဲ့/ကြီးကြပ်ရေးရုံးများတွင် လျှောက်လွှာများရောင်းချမည်ဖြစ်ပါသည်။
- ပစ္စည်းတင်ဒါဖွင့်လှစ်မည့်နေရာ - တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့။

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက (၁၃-၅-၂၀၂၅)ရက်မှ (၂၃-၅-၂၀၂၅)ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့ | - | ၀၅၂-၂၂၄၅၇၂/၀၉-၄၂၈၂၀၇၃၁၁ |
| ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၅)၊ ပြည်မြို့ | - | ၀၉-၄၂၀၇၀၂၇၄၉ |
| ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၉)၊ ပဲခူးမြို့ | - | ၀၉-၉၇၁၇၉၉၆၁၇ |
| ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၀)၊ လှည်းကူးမြို့ | - | ၀၉-၄၅၀၀၀၅၅၆၆ |
| ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ပဲခူးမြို့ | - | ၀၉-၄၃၁၈၇၁၈၇/၀၉-၉၆၇၈၄၅၅၆ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးခရိုင် | - | ၀၉-၄၂၈၀၁၉၃၁၅ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ညောင်လေးပင်ခရိုင် | - | ၀၉-၄၀၁၅၅၆၅၂၄ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ငူခရိုင် | - | ၀၉-၂၅၂၈၂၇၉၂၇ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သာယာဝတီခရိုင် | - | ၀၉-၄၃၀၀၆၄၂၂ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ နတ္တလင်းခရိုင် | - | ၀၉-၄၂၈၁၄၇၀၀၄ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်ခရိုင် | - | ၀၉-၄၀၂၆၆၆၁၉၅ |

တင်ဒါကော်မတီ
ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန

### ပျောက်ဆုံးကြောင်း
စိုးခန့်(ဘ)ဦးခင်မောင်ဦး ၁၀/မလမ(နိုင်)၂၇၉၇၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၄၆၁၃၈

### ပျောက်ဆုံးကြောင်း
ပီလေး(ဘ)ဦးဝင်းရှိန် ၁၀/ရမန(နိုင်)၁၇၁၆၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 149129)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၀၀၇၀၂၀၂

### ပျောက်ဆုံးကြောင်း
တင်တင်မြ(ဘ)ဦးချစ်သောင်း ၁၀/မလမ(နိုင်)၁၈၀၀၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၃၉၉၃၈၁

### ပျောက်ဆုံးကြောင်း
မိအေးမြတ်(ဘ)ဦးအောင်ကျော် ၁၀/ခဆန(နိုင်)၁၁၉၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၆၅၈၈၀

### ပျောက်ဆုံးကြောင်း
ကျော်ကျော်ထွေး(ဘ)ဦးကျော်သန်း ၁၀/ကထန(နိုင်)၀၃၈၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၆၄၉၅၂၀

### ပျောက်ဆုံးကြောင်း
မောင်စိန်သွင်(ဘ)ဦးထွန်းငွေ ၁၀/ရမန(နိုင်)၁၄၁၂၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၇၂၇၂၄

### ပျောက်ဆုံးကြောင်း
မင်းရာဇာအောင်(ဘ)ဦးထွန်းသိန်း ၁၀/ကမရ(နိုင်)၁၈၀၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၀၉၁၃၈၅

### ပျောက်ဆုံးကြောင်း
မာမက်အာလီ(ဘ)ဦးဟာဘီ ၁၀/ပမန(နိုင်)၀၈၈၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၅၇၆၇၁၆

### ပျောက်ဆုံးကြောင်း
နွဲ့နွဲ့ဟန်ပြည့်(ဘ)ဦးဟန်ဝင်းထွန်း၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၉၃၀၉၃၇

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေဖြင့် အောက်ပါလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားကုမ္ပဏီ/ လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| အုပ်စု | မြို့နယ် | လုပ်ငန်း |
|---|---|---|
| Lot .1 | ကျောက်တံတားမြို့နယ် | (၃၀'x၄၀')ရှိ (၂)ထပ်အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်း |
| Lot .2 | ကျောက်တံတားမြို့နယ် | တိုင်းဒေသကြီးရုံး အမှတ်(၁)အဆောက်အဦ အပေါ်ဆုံးထပ် ရုံးခန်း(၂)ခန်းပြုပြင်ခြင်း၊ အများသုံးသန့်စင်ခန်း(၄)ခန်းပြုပြင်ခြင်း၊ ဘေစင်(၅)ခုအသစ်တပ်ဆင်ခြင်း၊ ရေလိုင်း၊ လျှပ်စစ်မီးလိုင်းများ အသစ်သွယ်တန်းတပ်ဆင်ခြင်း |
| | | တိုင်းဒေသကြီးရုံး အမှတ်(၁)အဆောက်အဦ ဒုတိယထပ် ရုံးခန်း(၆)ခန်း Lobby၊ Main Lobby မျက်နှာကြက်နှင့် ဘေးနံရံများဆေးသုတ်ခြင်း၊ Beam Joint ဆက်များ ရေလုံရန် Water Proof ထည့်၍ပြုပြင်ခြင်း၊ ရုံးခန်း(၂)ခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်း Topping ခွာခြင်းနှင့်လောင်းခြင်း၊ Water Proof သုတ်ခြင်း၊ Pressure Pump တပ်ဆင်ခြင်း၊ ရေလိုင်း/မီးလိုင်းများအသစ်တပ်ဆင်ခြင်း၊ သန့်စင်ခန်း(၂)ခန်းပြုပြင်ခြင်း၊ ရုံးခန်း(၆)ခန်း Light Partation ကာရံခြင်း၊ ရုံးခန်း(၁၂)ခန်း Vinyl Floor ခင်းခြင်း၊ အများသုံးသန့်စင်ခန်း(၂)ခန်းပြုပြင်ခြင်းလုပ်ငန်း |
| | | တိုင်းဒေသကြီးရုံး အမှတ်(၂)အဆောက်အဦ ဒုတိယထပ်ရေချိုးခန်း၊ သန့်စင်ခန်းပြုပြင်ခြင်း၊ Pressure Pump တပ်ဆင်ခြင်း၊ Tank အသစ်လဲခြင်း |
| | | တိုင်းဒေသကြီးရုံး အမှတ်(၂)အဆောက်အဦ ပထမထပ်အဆောက်အဦ (၁+၂)ပေါင်းကူးလျှောက်လမ်းပြုလုပ်ခြင်းနှင့် အမိုးမိုးခြင်း၊ အစည်းအဝေးခန်းသုံး သန့်စင်ခန်း(၃)ခန်းပြုပြင်ခြင်း၊ ခန်းမရှိစတိတ်ခုံပြုပြင်ခြင်း၊ စတိတ်ခုံ၏မျက်နှာကြက်ဆေးသုတ်ခြင်း၊ ပြတင်းပေါက်(၁)ပေါက် ပြုပြင်ခြင်း၊ ရုံးခန်း(၁)ခန်းပြုပြင်ခြင်း၊ မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်း |
| Lot .3 | ကျောက်တံတားမြို့နယ် | - Computer အစုံလိုက်(၅)စုံ ဝယ်ယူခြင်း(DELL i7, Ram 8 Gen SSD512)<br>- Printer (၅)လုံးဝယ်ယူခြင်း((B&W) Cannon LBP 2900)<br>- Copier (၂)လုံးဝယ်ယူခြင်း(Cannon iR 2425)<br>- (Split Type) Chigo inverter-type 2HP (၂)လုံးနှင့် 1.5HP Aircon(၆)လုံးဝယ်ယူခြင်းလုပ်ငန်း |
| Lot .4 | ကျောက်တံတားမြို့နယ် | - သံဗီရို ၆ ပေ ၃ ပေ (၅)လုံးဝယ်ယူခြင်း<br>- ကြိတ်သားစားပွဲ (၄ ပေ ၆ လက်မ x ၂ ပေ ၆ လက်မ) ထိုင်ခုံ(၁၅)ခုံနှင့် ကွန်ပျူတာတင်စားပွဲ (၄ ပေ x ၂ ပေ)ကုလားထိုင်(၅)စုံဝယ်ယူခြင်း<br>- LEECO/MPZ မီးခံသေတ္တာ(ထိုင်ဝမ်)(၄ ပေ/၅ ပေ)(၁)လုံးဝယ်ယူခြင်းလုပ်ငန်း |

၂။ (က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် - ၁၂-၅-၂၀၂၅ ရက်(တနင်္လာနေ့)(၁၀၀၀)အချိန်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး
(ဂ) တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၂၃-၅-၂၀၂၅ ရက်(သောကြာနေ့)(၁၆၀၀)အချိန်
(ဃ) တင်ဒါပုံစံဖွင့်လှစ်မည့်နေရာ - အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး

၃။ အသေးစိတ်သိရှိလိုပါက အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း ၀၁-၃၈၀၃၅၃၊ ၀၁- ၂၅၆၀၃၂၊ ၀၁-၃၇၁၈၃၃ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်၍မေးမြန်းနိုင်ပါကြောင်းနှင့်တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်တို့ကိုထပ်မံ၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရန်ကုန်တိုင်းဒေသကြီးရုံး

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ ကျော်ကျော်ထွန်း(ဘ) ဦးခင်မောင်မြင့်၁၂/ဒဂတ(နိုင်)၀၅၀၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နွဲ့နှင်းအေး(ဘ)ဦးစံငြိမ်း ၃/ကဆက(နိုင်)၀၂၇၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၉၃၀၉၃၇

### ပျောက်ဆုံးကြောင်း
နွေးနွေးနမ်းဝေ(ဘ)ဦးခင်မောင်ဖြူ ၁၀/မဒန(နိုင်)၁၉၃၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၂၇၇၅၈၅

### ပျောက်ဆုံးကြောင်း
နှင်းနွယ်ဝင်း(ဘ)ဦးထွန်းထွန်းဝင်း ၁၀/ကထန(နိုင်)၁၈၀၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၈၉၃၆၂၁

### ပျောက်ဆုံးကြောင်း
ဘုန်းကံပြည့်(ဘ)ဦးဟန်ဝင်းထွန်း ၁၀/မဒန(နိုင်)၂၆၉၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၉၃၀၉၃၇

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/ကြီးကြပ်ရေးအဖွဲ့တို့မှ လုပ်ငန်းတင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/ကြီးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက် - (၁၃-၅-၂၀၂၅)ရက်၊ (အင်္ဂါနေ့)
- တင်ဒါအကြိုရှင်းလင်းမည့်ရက် - (ထပ်မံအကြောင်းကြားပါမည်။)
- တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်နေ့ရက် - (၂၇-၅-၂၀၂၅)ရက်၊ (အင်္ဂါနေ့)
- လုပ်ငန်းတင်ဒါလျှောက်လွှာ နောက်ဆုံးပြန်လည်တင်သွင်း ရမည့်နေ့ရက်/အချိန် (P.O/နည်းပညာအဆိုပြုလွှာ စာအိတ်-A အပါအဝင်) - (၃၀-၅-၂၀၂၅)ရက်၊ (သောကြာနေ့) (၁၆:၀၀)နာရီ
- လုပ်ငန်းတင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန် - (ထပ်မံအကြောင်းကြားပါမည်။)
- တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ပဲခူးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သက်ဆိုင်ရာခရိုင်/ကြီးကြပ်ရေးရုံးများတွင် လုပ်ငန်းတင်ဒါလျှောက်လွှာများ ရောင်းချမည်ဖြစ်ပါသည်။
- လုပ်ငန်းတင်ဒါ ဖွင့်လှစ်မည့်နေရာ - တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့။

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက (၁၃-၅-၂၀၂၅)ရက်မှ(၃၀-၅-၂၀၂၅)ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့ | - | ၀၅၂-၂၂၄၅၇၂/၀၉-၄၂၈၂၀၇၃၁၁ |
| ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ပဲခူးမြို့ | - | ၀၉-၄၃၁၈၇၁၈၇/၀၉-၉၆၇၈၄၅၅၆ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ညောင်လေးပင်ခရိုင် | - | ၀၉-၄၀၁၅၅၆၅၂၄ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သာယာဝတီခရိုင် | - | ၀၉-၄၃၀၀၆၄၂၂ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်ခရိုင် | - | ၀၉-၄၀၂၆၆၆၁၉၅ |

တင်ဒါကော်မတီ
ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းကို နိုင်ငံခြားငွေ(Yuan)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)1/MR (ML/NPT) Yuan/25-26 | Procurement for Remanufacturing of (6) Units of Battery Electric Locomotives from original 1300 HP YDM 4 Diesel Electric Locomotives |
| ၂ | 12(T)2/MR (ML/NPT) Kyat/25-26 | Procurement for Remanufacturing of (2) Units of Battery Electric Multiple Units from original Diesel Multiple Units |
| ၃ | 12(T)3/MR (ML/NPT) Kyat/25-26 | စက်ခေါင်းအရန်ပစ္စည်းများ၊ CAT 3508B ဒီဇယ်အင်ဂျင်အရန်ပစ္စည်းများနှင့် အထွေထွေပစ္စည်းများ(၂၃၇)မျိုး |
| ၄ | ၀၅/မမ/CME(NPT)/ Kyat/25-26 | စက်ပစ္စည်း(၃၀)မျိုး |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၆-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994,291985**

### ပျောက်ဆုံးကြောင်း
ဘုန်းပြည့်လျှံ(ဘ)ဦးဟန်ဝင်းထွန်း၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၉၃၀၉၃၇

### ပျောက်ဆုံးကြောင်း
မိဇာနည်လွင်(ဘ)ဦးထွန်းငွေ ၁၀/ခဆန(နိုင်)၁၂၂၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆





# ညောင်ကုန်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်စိုက်ပျိုးထားသော နွေစပါးများ အထွက်နှုန်းကောင်းမွန်

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ၌ စိမ်းလန်းစိုပြည် ညောင်ကုန်းမြေ သမဝါယမအသင်းမှ စိုက်ပျိုးထားသော ယခုနှစ် နွေစပါးစိုက်ခင်းများ အထွက်နှုန်းကောင်းမွန်သဖြင့် နွေစပါးစိုက် သမဝါယမအသင်းသား တောင်သူများ အဆင်ပြေလျက်ရှိကြောင်း မှော်ဘီမြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ စိမ်းလန်းစိုပြည် ညောင်ကုန်းမြေ သမဝါယမအသင်းမှ တောင်သူ ၁၅ ဦးက ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စုစုပေါင်း နွေစပါးစိုက်ဧက ၁၅၀ ခန့်ကိုစိုက်ပျိုးခဲ့ကြပြီး ယင်းနွေစပါးများကို ယခု သီတင်းပတ်အတွင်း ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးတင်း ၁၀၀ နှင့် ၁၂၀ ကြား ထွက်ရှိခဲ့သည်။

ထိုသို့ နွေစပါးအထွက်နှုန်း ကောင်းမွန်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မှော်ဘီခရိုင် မှော်ဘီမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများပူးပေါင်းပြီး နွေစပါးစိုက်သမဝါယမ အသင်းသား တောင်သူများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ဆောင်းဦး







**ပျောက်ဆုံးကြောင်း**
မရွှေဇင်(ဘ)ဦးဝင်းနိုင်၉/သစန(နိုင်)၂၀၉၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ခင်မျိုးမျိုးအေး(ဘ)ဦးအံ့ကြီး ၁၁/ဘသတ(နိုင်)၀၂၉၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၉၉၃၀၉၇

**ပျောက်ဆုံးကြောင်း**
ခင်ဂျူလိုင်မိုး(ဘ)ဦးအံ့ကြီး ၁၁/ဘသတ(နိုင်)၀၃၅၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၉၉၃၀၇၁

**ပျောက်ဆုံးကြောင်း**
မနွဲ့လာ(ဘ)ဦးဂေကောရီယို ၂/ဒမဆ(နိုင်)၀၆၅၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၉၀၂၅၂၂

**ပျောက်ဆုံးကြောင်း**
ဦးဝင်းချို(ဘ)ဦးဝင်းမောင် ၉/မအဇ(နိုင်)၀၁၁၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 637889)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အိအိခိုင်(ဘ)ဦးဉာဏ်မြင့် ၁၄/ပပတ(နိုင်)၁၈၂၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၅၀၁၂၁၂

**ပျောက်ဆုံးကြောင်း**
ဇော်မင်းဦး(ဘ)ဦးစိုးမြင့် ၇/ပခန(နိုင်)၃၁၀၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
လှမျိုးအောင်(ဘ)ဦးကြည်သောင်း ၈/မလန(နိုင်)၁၂၉၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဌေးဌေးဝင်း(ဘ)ဦးသောင်းစိန် ၁၂/ဥကတ(နိုင်)၀၁၇၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မလန်မိန်း(ဘ)ဦးရှောက်ရှန်း ၁၃/ဟပတ(နိုင်)၀၂၈၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 728150)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၂၆၃၈၅၀၆

**ပျောက်ဆုံးကြောင်း**
ဝမ်ရှီးကျိန်(ဘ)ဦးဝမ်ဇီမြင် ၁၃/ကကန(နိုင်)၀၀၁၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 483400)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၇၉၅၄၅၇

**ပျောက်ဆုံးကြောင်း**
ကျိုးကုန်းဖ(ဘ)ဦးခန့်ကြားဖူ ၁၃/မဆတ(နိုင်)၀၇၅၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 193222)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၉၈၂၁၆၄

**ပျောက်ဆုံးကြောင်း**
အောင်ရဲလင်း(ဘ)ဦးဝိုင်း ၉/ပဗသ(နိုင်)၀၀၆၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
လောက်ချိန်(ဘ)ဦးလီရှောဆင်း ၁၃/လရန(နိုင်)၂၃၄၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 397916)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝင်းရတနာထွန်း(ဘ)ဦးဝင်းဌေး ၁၄/ရကန(နိုင်)၁၄၅၀၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သက်အောင်(ဘ)ဦးတင်မောင် ၁၄/မမန(နိုင်)၂၆၃၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စိုးထက်(ဘ)ဦးညွန့်ဝင်း ၉/စကတ(နိုင်)၁၃၈၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 643365)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စုမြတ်မွန်(ဘ)ဦးထွန်းငွေ ၈/ရစက(နိုင်)၁၄၃၃၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၅၅၂၉၉၂၂

**ပျောက်ဆုံးကြောင်း**
စိန်လင်းအောင်(ဘ)ဦးခင်မောင်ဝင်း ၉/တသန(နိုင်)၁၅၅၇၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၆၅၅၇၅၅

**ပျောက်ဆုံးကြောင်း**
ညီညီစိုး(ဘ)ဦးစိုးတင့် ၁၃/ပတယ(နိုင်)၀၅၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၈၁၈၄၈၁

**ပျောက်ဆုံးကြောင်း**
ဦးလှဝင်း(ဘ)ဦးအောင်မြင့် ၁၂/ကမရ(နိုင်)၀၃၉၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၄၃၁၄၄၂

**ပျောက်ဆုံးကြောင်း**
ကျော်သန်းနိုင်(ဘ)ရွှေကြည် ၁၂/သဃက(နိုင်)၀၃၉၆၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၉၁၀၇၂၃

**ပျောက်ဆုံးကြောင်း**
တင်နီလာဝင်း(ဘ)ခင်မောင်ဝင်း ၁၃/ရစန(နိုင်)၀၇၈၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 448567)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၅၆၆၁၁၄

**ပျောက်ဆုံးကြောင်း**
နီလာအောင်(ဘ)အောင်ကျော် ၁၂/သကတ(နိုင်)၀၀၂၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၁၁၀၃၂၇

**ပျောက်ဆုံးကြောင်း**
တင်နိုင်ဝင်း(ဘ)ဦးသိန်းဝင်း ၉/မထလ(ဧည့်)၀၀၀၀၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၂၀၀၉၅၆

**ပျောက်ဆုံးကြောင်း**
အောင်မျိုးဦး(ဘ)ကျော်ဟိန်း ၈/တတက(နိုင်)၂၃၇၁၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၂၀၄၉၄၁

**ပျောက်ဆုံးကြောင်း**
လင်းသန့်ဦး(ဘ)ဦးဝံသရှိန် ၁၂/ဒဂမ(နိုင်)၀၆၆၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၈၄၄၁၈၇

**ပျောက်ဆုံးကြောင်း**
မိုးမိုးဆွေ(ဘ)ဦးတင်မြို့ ၁၂/ထတပ(နိုင်)၀၉၅၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၅၇၈၂၂၅၀

**ပျောက်ဆုံးကြောင်း**
မဥ္ဇူလှိုင်(ဘ)ဦးထွန်းလှိုင် ၁၂/မဂတ(နိုင်)၀၇၂၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၆၅၀၇၆၉

**ပျောက်ဆုံးကြောင်း**
ဂျေသစန်ကာ(ရ်)(ဘ)ပီဂျာဂနာသသန်း ၁၂/ရကန(ပြု)၀၀၀၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၁၃၃၁၁၅၈

**ပျောက်ဆုံးကြောင်း**
အောင်ဟိန်း(ဘ)ဦးမြသောင်း ၁၄/မအန(နိုင်)၂၇၆၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၄၈၅၈၄၅

**ပျောက်ဆုံးကြောင်း**
ခင်မြတ်ထွေးဝင်း(ဘ)ဦးနန်းဝင်း ၁၂/အစန(နိုင်)၁၀၇၂၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၇၈၆၄၈၂

**ပျောက်ဆုံးကြောင်း**
ကျော်မျိုးဇင်(ဘ)ဦးဆန်းဦး ၉/ရမသ(နိုင်)၂၀၅၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၇၉၁၁၃၂၀

**ပျောက်ဆုံးကြောင်း**
မျိုးမြင့်(ဘ)ဦးလှရွှေ ၁၂/တတန(နိုင်)၀၀၀၆၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၈၆၆၈၉

**ပျောက်ဆုံးကြောင်း**
အောင်မြင့်(ဘ)ဦးမောင်မြ ၁၂/သဃက(နိုင်)၀၁၅၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၁၄၀၈၀

**ပျောက်ဆုံးကြောင်း**
ရှာအပွေရာ(ခ)စန်းစန်းဝင်း(ဘ)ဦးကြီးရှိန် ၉/မခန(နိုင်)၁၂၁၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၈၄၇၄၂၂

**ပျောက်ဆုံးကြောင်း**
ပြည့်စုံကျော်(ဘ)ဦးမီးကော်ဒါ ၁/ပတအ(နိုင်)၀၇၃၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 062478)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၉၇၃၇၃၅၄

**ပျောက်ဆုံးကြောင်း**
ခိုင်မင်းသန့်(ဘ)ဦးမြင့်ကြည် ၈/နမန(နိုင်)၁၂၈၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယန်ဂျိုလန်(ဘ)ဦးချောင်ဘောင် ၁၃/လရန(နိုင်)၁၁၇၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မင်းကျော်ဦး(ဘ)ဦးရွှေ ၅/ယမပ(နိုင်)၁၄၁၂၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**◆ ကျောဖုံးမှအဆက်**

၎င်း၏ဇနီး **မေမီမီကို** (၃၁)နှစ် (ဘ) ဦးကိုကိုလွင်၊ စဉ့်ကိုင်မြို့နယ်၊ အရေးမဆိုကျေးရွာနေ **ညီညီလွင်(ခ) ညီညီ**(၂၉)နှစ်(ဘ)ဦးအေးကို၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ **ကိုကိုလွင်** (၆၅)နှစ်(ဘ)ဦးတင်မောင်လေး၊ အမရပူရမြို့နယ်၊ ရေကြည်ပေါက်ကျေးရွာနေသူများဖြစ်သည့် **ရဲနိုင်ဝင်း (ခ) ဖိုးသား** (၃၇)နှစ်(ဘ) ဦးခင်မောင်နှင့်၊ **ဟိန်းမင်းသူ(ခ) ဟူစိန်**(၂၂)နှစ် (ဘ)ဦးမြင့်စိုး၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမှတ်(၁၀)ရပ်ကွက်နေ **နေမင်းအောင်(ခ) ထက်လင်း**(၂၆)နှစ် (ဘ)ဦးမြင့်မိုး၊ အမရပူရမြို့နယ်၊ စာတိုးကျေးရွာနေ **မျိုးဇော်** (၂၆)နှစ်(ဘ) ဦးမြင့်နောင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေသူများဖြစ်သည့် **မင်းသက်နိုင်(ခ) ကျစ်ကျစ်**(၂၈)နှစ် (ဘ) ဦးကိုကိုလွင်၊ **ကျော်သီဟ(ခ) သီဟ** (၂၄)နှစ် (ဘ)ဦးကျော်၊ **မင်းသက်ကို(ခ) ချစ်ချစ်**(၂၃)နှစ် (ဘ)ဦးကိုကိုလွင်၊ ပုသိမ်ကြီးမြို့နယ်၊ ကုလားကြီးကျေးရွာနေ **ဇာနည်ထွန်း (ခ) ဇာနည်** (၃၈)နှစ် (ဘ)ဦးကြည်လေး၊ နေပြည်တော်၊ သာဝတ္ထိမြို့၊ စက်ရုံစုရပ်ကွက်နေ **ဉာဏ်ထက်လင်း(ခ) ကိုထက်** (၃၁)နှစ် (ဘ) ဦးနေမျိုးလှိုင်၊ မုံရွာမြို့၊ မြဝတီရပ်ကွက်နေသူများဖြစ်သည့် **သန်းသန်းမိုး** (၅၁)နှစ် (ဘ) ဦးသံချောင်းနှင့် **မြင့်မိုး** (၅၁)နှစ် (ဘ)ဦးပေါ်ရှိန်၊ အမရပူရမြို့နယ်၊ ဘနော ကျေးရွာနေ **ဖြူစွာမင်း (ခ) ကတုံး** (၃၀)နှစ် (ဘ)ဦးချွတ်၊ ဟုမ္မလင်းမြို့နေ **ဇော်မျိုးထက် (ခ) ကိုမျိုး** (၃၃)နှစ် (ဘ) ဦးသံချောင်းတို့ ပါဝင်သော ဂိုဏ်းအဖွဲ့မှ တရားခံအမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၁၇ ဦးတို့အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စတိုသေနတ် ၄ လက်၊ မော်တော်ယာဉ် ၃ စီး၊ ဆိုင်ကယ် ၁ စီး၊ ပြောက်ကျားဝတ်စုံ ၄ စုံတို့နှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ **နေထက်လင်း၊ ညီညီလွင်၊ ဖြူစွာမင်း**တို့ ၃ ဦးသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က တံတားဦးမြို့နယ်၊ ခင်လူးလေးကျေးရွာနေ ကိုဟန်(ခ) ကိုသီဟန်မောင်းနှင်လာသည့် YGN 2R-xxxx FORD DOUBLE CUB မော်တော်ယာဉ်အား အကြမ်းဖက်လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ညီညီလွင်၊ ဖြူစွာမင်း**တို့ ၃ ဦးသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် အမရပူရမြို့နယ်ရှိ "မောင်ဒိန်း" ရွှေဆိုင်အား လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ရဲနိုင်ဝင်း၊ ဟိန်းမင်းသူ၊ နေမင်းအောင်**တို့ ၄ ဦးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်ရှိ "Sky Star Mobile" ဖုန်းဆိုင်မှ ဖုန်း ၈၄ လုံးနှင့် ငွေ ၇ သိန်းကျော်အား လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ညီညီလွင်၊ ရဲနိုင်ဝင်း၊ ဟိန်းမင်းသူ၊ နေမင်းအောင်**တို့ ၅ ဦးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျောက်ဆည်မြို့၊ မြို့မဈေးအတွင်းရှိ "ဦးသန်းထွန်း+ဒေါ်ခင်ရီ" ရွှေဆိုင်နှင့် "ဦးသန်းနိုင်+ဒေါ်သူဇာဝင်း"

လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကာ ဓားပြတိုက်၊ လုယက်မှုများကျူးလွန်နေသောဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီး




ရွှေဆိုင်တို့အား ဓားပြတိုက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ မျိုးဇော်၊ နေမင်းအောင်၊ မင်းသက်နိုင်၊ ဇာနည်ထွန်း၊ သန်းသန်းမိုး၊ မြင့်မိုး**တို့ ၇ ဦးသည် ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်နေ့တွင် မဟာအောင်မြေမြို့နယ်၊ ၃၈x၃၉ လမ်းနှင့် ၈၄ x ၈၅ ကြားရှိ မန်းမြို့ဈေးအတွင်းရှိ "ဆယ်သန်း"ရွှေဆိုင်အား ဓားပြတိုက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်းနှင့် ညီညီလွင်**တို့ ၂ ဦးသည် ၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ ၅၄x၅၅ ကြား၊ (၁၁)F လမ်းနေ ဒေါ်ဆွေဇင်ထွန်း၏ နေအိမ်အတွင်း ဝင်ရောက်၍ ငွေစက္ကူရောရာ ကျပ် ၁၁၉ သိန်းကျော်အား လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ညီညီလွင်၊ မင်းသက်ကို၊ ကျော်သီဟ၊ မေမီမီကို၊ ဉာဏ်ထက်လင်း**တို့ ၆ ဦးသည် ၂၀၂၅ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူကျေးရွာရှိ "မြသဇင်"အထည်ဆိုင်အား ဓားပြတိုက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ **နေထက်လင်း၊ ညီညီလွင်၊ မင်းသက်ကို၊ ကျော်သီဟ၊ မေမီမီကို၊ ကိုကိုလွင်နှင့် ဉာဏ်ထက်လင်း**တို့သည် ၂၀၂၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၅ လမ်း၊ ၁၀၃x၁၀၄ ကြားရှိ "ရွှေဇာမဏီ" ရွှေဆိုင်အား ဓားပြတိုက်မှုကျူးလွန်ရာတွင်လည်းကောင်း အသီးသီးပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရပါသည်။

ဖော်ထုတ်ဖမ်းဆီးရမိသည့် ဓားပြတိုက်ခြင်း၊ လုယက်မှုများအားကျူးလွန်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကျူးလွန်ခဲ့ကြကြောင်း အထောက်အထားများနှင့်တကွ စစ်ဆေးပေါ်ပေါက်ပြီး ဖမ်းဆီးရမိသည့် နေထက်လင်းအပါအဝင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံများနှင့် သိမ်းဆည်းရန်ကျန်လက်နက်ခဲယမ်းများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး၊ ဖြစ်စဉ်များတွင်ပါဆုံးခဲ့သည့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)



















တရားခံများနှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မေလ ၁၄ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့၊ (၃)မိုင်လမ်းဆုံအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့၊ အမှတ် (၆)ရပ်ကွက်၊ ဗိုလ်ချစ်သူလမ်းနှင့် ပင်လောင်း (၇)လမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၈၂၀၀၀)ကိုလည်းကောင်း၊ သံလွင်တံတား(တရုတ်လှဘက်ခြမ်း) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၂၈၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၈၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Hyundai Starex (၁)စီးနှင့် စက်မှုဇုန်ထုတ် Top Super Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၈၁၂)တန်၊ သစ်မာ (၁ ဒသမ ၈၉၃)တန်၊ အခြားသစ် (၄ ဒသမ ၇၂၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၈၂၄၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၈၃၄၂၄၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြို့အနီး၌ မော်တော်ယာဉ်(၂) စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၀)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၃၄၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus (၁)စီး၊ Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၇၂၄၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ မင်္ဂလာရုပ်ရှင်ရုံအနီး၌ မော်တော်ယာဉ် (၁)စီး ပေါ်မှ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၅၂၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Pickup မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၈၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၉၈၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၇၅၆၆၄၀၀)ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၃၇၅၂)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Taw Win Min Tha Mee ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၅၉၇၀၁၅၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၁၇၈၀၉၉၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၈ ရက်မှ မေလ ၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၅ ဒသမ ၈၀၉၈)တန်၊ သစ်မာ(၂ ဒသမ ၈၇၀၀) တန်၊ အခြား (၅၀ ဒသမ ၄၅၁၄ ) တန်၊ စုစုပေါင်း (၅၉ ဒသမ ၁၃၁၂) တန်၊ ယာဉ်/ယန္တရား (၃) စီး၊ တရားခံ (၁၂) ဦး** ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေလ ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၇ ဒသမ ၅၃၀၆ )တန်၊ သစ်မာ ( ၂ ဒသမ ၀၇၄၀ )**



**တန်၊ အခြား ( ၂၃ ဒသမ ၉၃၄၆ )တန်၊ စုစုပေါင်း (၃၃ ဒသမ ၅၃၉၂) တန်၊ ယာဉ်/ ယန္တရား (၃)စီး၊ တရားခံ (၁၃)ဦး** ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၇၆ ဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အီသီယိုးပီးယားနိုင်ငံသား ၇၆ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ထို့နောက်ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr.Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၇၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၃၀၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၆၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်စခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန ထုံးဘိုကျွား(၁) ကုန်ထုတ်စခန်းနှင့် ကျွား(၂) ကုန်ထုတ်စခန်းများသို့လည်းကောင်း၊ ယနေ့တွင် ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ထုံးဘို (မ) ကုန်ထုတ်စခန်းနှင့် ပြင်ဦးလွင်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ၂၄ မိုင်ကုန်ထုတ်စခန်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာကုန်ထုတ်စခန်းတာဝန်ခံများက အုပ်ချုပ်ထောက်ပံ့ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြရာ ကော်မရှင်အဖွဲ့ဝင်က မတ်လအတွင်း လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် သေဆုံးထိခိုက်ပျက်စီးမှု ရှိ၊ မရှိ မေးမြန်းရာတွင် ကုန်ထုတ်စခန်းတာဝန်ခံများနှင့် အကျဉ်းသား၊ အကျဉ်းသူများက လူထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် အဆောက်အအုံအသေးစားထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိကြောင်း တင်ပြကြသည်။

ယင်းနောက် အကျဉ်းသားများကို အိပ်ဆောင်ရှေ့တွင် စုစည်းတွေ့ဆုံကာ အကျဉ်းသား၊ အကျဉ်းသူတစ်ဦး၏အခြေအနေကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား ၁၃ ဦးကိုလည်း သီးခြားတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့နောက် အကျဉ်းဦးစီးဌာန၊ ကုန်ထုတ်စခန်းများသို့ဝင်ရောက်ကာ အကျဉ်းသား/ အကျဉ်းသူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်စာအုပ်စာပေများကို ကော်မရှင်မှလှူဒါန်းသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ


**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန


# ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ

နေပြည်တော် မေ ၁၅





စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းအိမ်ရာများသို့ မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ မေလ ၁၅ ရက်တွင် ၄၅ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မေလ ၁၅ ရက်တွင် ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား ၊ ကုလားပဲ ၊ ငါးပိ ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး(အရောင်းယာဉ်)ဖြင့် မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ မေလ ၁၅ ရက်တွင် ကြက်သား၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥတို့ကို အပတ်စဉ်ကြာသပတေးနေ့တိုင်း လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ မေလ ၁၅ ရက်တွင် စစ်ကိုင်းမြို့၌ ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ဆန်၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီနှင့် အသားတုတို့ကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ဆန်၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ခေါက်ဆွဲခြောက်ထုပ်တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
STARMART nine mile
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
RHINO
Lemon Tea
NAN MYAING
TRISTAR
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ
ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
THE BEST QUALITY TYRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကိုတွေ့ရ . . .

❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများမှ အတန်းလိုက် အောင်စာရင်းများ ထုတ်ပြန်ကြေညာ

သတင်းစာမျက်နှာ - ၁၅ သို့



## ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ လေတပ်စခန်းများသို့ သွားရောက်လေ့လာ

စာ - ၁၂ သို့

## လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကာ ဓားပြတိုက်၊ လုယက်မှုများကျူးလွန်နေသော ဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၁၅

မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်း မန္တလေးမြို့ပေါ် အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြစ်ငယ်မြို့တို့အတွင်း ပြောက်ကျားဝတ်စုံများဝတ်ဆင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ အယောင်ဆောင်ကာ ဂိုဏ်းဖွဲ့၍ ဓားပြတိုက်ခြင်း၊ လုယက်ခြင်းများ မကြာခဏကျူးလွန်ဖြစ်ပွားလာသဖြင့် ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၂၀၂၅ ခုနှစ် မေလ ၅ ရက်တွင် ဓားပြတိုက်၊ လုယက်မှုများ ကျူးလွန်မှုများတွင် ဦးဆောင်ကျူးလွန်ခဲ့သည့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ **နေထက်လင်း** (၂၉)နှစ် (ဘ) ဦးသံချောင်းအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **နေထက်လင်း**၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးဆက်လက်ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဓားပြတိုက်၊ လုယက်မှုများတွင် ပူးပေါင်းပါဝင်ခဲ့သူများဖြစ်သည့်

စာမျက်နှာ ၂၈ ကော်လံ ၁ ◆

## နိုင်ငံတကာသတင်းအညွှန်း


အာကာသအတွင်း ကမ္ဘာ့ပထမဆုံးထိပ်တန်းကွန်ပျူတာစနစ်ကို တည်ဆောက်ရန် တရုတ်က ဂြိုဟ်တုများလွှတ်တင် စာ - ၂၃ သို့

ဂျာမနီက စစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းနိုင်ဖွယ်ရှိဟုဆို စာ - ၂၃ သို့

ဟောင်ကောင်နှင့်စင်ကာပူတို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများမြင့်တက်လာ စာ - ၂၃ သို့


## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့